DHAMMAVIJJALAYA 2546 2003 CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၃၅)

# မြတ်ဗုဒ္ဓသာသနာ နှင့် သီတင်းကျွတ်လပြည့်နေ့ အမှတ်တရများ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လှူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊(၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၀၁-၃၈၄၀၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မြတ်ဗုဒ္ဓသာသနာ နှင့်
# သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

# မြတ်ဗုဒ္ဓသာသနာနှင့်
# သီတင်းကျွတ်လပြည့်နေ့ အမှတ်တရများ

မှတ်တမ်း

သာသနာတော်နှစ် (၂၅၅၇)၊ ကောဇာသက္ကရာဇ် (၁၃၇၅) ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၁၉. ၁၀. ၂၀၁၃)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးလမ်း၊ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်သည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် ဓမ္မပူဇာသဘင်၌ ဟောကြားအပ်သော **"မြတ်ဗုဒ္ဓသာသနာနှင့် သီတင်းကျွတ်လပြည့်နေ့ အမှတ်တရများ"** အကြောင်း တရားဒေသနာတော်။

မြန်မာပြက္ခဒိန်အရ ဒီကနေ့ဟာ ဗုဒ္ဓသာသနာတော်မှာ ထူးခြားတဲ့ လပြည့်နေ့တစ်နေ့ ဖြစ်တယ်။ ဒီလပြည့်နေ့မှာ ထူးခြားတဲ့ အကြောင်းတွေများစွာ ဖြစ်ခဲ့မည် ဖြစ်သော်လည်း မှတ်တမ်းတင်ထားတာလေးကို ဘုန်းကြီးတို့ မှတ်သားကြရမယ်။ အားလုံးသိတဲ့အတိုင်း ဒီကနေ့က အဘိဓမ္မာတရားပွဲကြီးပြီးဆုံးတဲ့နေ့ဖြစ်တယ်။ ဒါကြောင့် "အဘိဓမ္မာအခါတော်နေ့" လို့ သတ်မှတ်ကြတယ်။ အဘိဓမ္မာစဟောတဲ့နေ့ မဟုတ်ဘူး၊ ဝါတွင်းသုံးလ ဟောကြားတော်မူခဲ့တဲ့ အဘိဓမ္မာတရားတော်ကြီးဟာ ဒီကနေ့မှာဘဲ ပြီးဆုံး၍ နိဂုံးအုပ်နိုင်ခဲ့တယ်။

ဗုဒ္ဓမြတ်စွာက တာဝတိံသာနတ်ပြည်တက်ပြီး အင်မတန်လေးနက်တဲ့ ဓမ္မသဘာဝတွေကို အသေးစိတ် ဟောခဲ့တယ်။ အဘိဓမ္မာ (၇)ကျမ်းကို ချဲ့ဖွင့်ပြီး နတ်တွေနဲ့ ထိုက်တန်အောင် လေးနက်မှုရှိတဲ့

အဘိဓမ္မာ တရားတော်ကြီးကို သုံးလပတ်လုံး ဟော
ကြားခဲ့တယ်ဆိုတာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ
အားလုံး သိကြတယ်။ ဒီကနေ့ မြတ်စွာဘုရား
ဟောကြားတော်မူခဲ့တဲ့ အဘိဓမ္မာတရားတော်ကြီး
ဟာ တာဝတိံသာနတ်ပြည်မှာ ပြီးဆုံးလို့ နိဂုံးချုပ်တဲ့
နေ့လို့ ပြောရမှာဖြစ်တယ်။ ဒါလည်း ထူးခြားချက်
တစ်ခုလို့ ဆိုရမယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ
ဝါတွင်းသုံးလ ဆွမ်းစားချိန်ကျတိုင်း လူ့ပြည်သို့
ကြွရောက်ပြီး ဆွမ်းဘုန်းပေးတယ်။ နေ့စဉ်
လာရောက်တွေ့ဆုံတဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်
အား အဘိဓမ္မာရဲ့ အနှစ်ချုပ်တွေကို ဟောကြားပေး
ခဲ့တယ်။ ရှင်သာရိပုတ္တရာ အရှင်မြတ်ကလည်း
ဉာဏ်ပညာ အလွန်ကြီးမားတယ်။ မြတ်စွာဘုရား
အကျဉ်းချုပ်ဟောကြားခဲ့တဲ့ အဘိဓမ္မာတရားကို

မိမိရဲ့ဉာဏ်ဖြင့် စိစဉ်ပြီး တပည့် ရဟန်းငါးရာကို ထပ်ဆင့်ဟောကြားခဲ့တာ။ အဲဒီ အဘိဓမ္မာတရားတွေရဲ့ အဆုံးသတ်နေ့ကလည်း ဒီနေ့ပဲ။ ဆိုလိုတာက အဘိဓမ္မာတရားတော်သည် နတ်ပြည်မှာဟောတဲ့ အဘိဓမ္မာတရား။ လူ့ပြည်မှာ ရှင်သာရိပုတ္တရာ ဟောကြားတဲ့ အဘိဓမ္မာတရားလို့ နှစ်မျိုးရှိတယ်၊ အဲဒီ အဘိဓမ္မာ ဒေသနာ နှစ်ရပ်စလုံးဟာ ဒီကနေ့ တပြိုင်နက် နိဂုံးချုပ်နိုင်ခဲ့တယ်။

စတင်ပြီးဟောတဲ့နေ့ကို "အဘိဓမ္မာအခါတော်နေ့"လို့ မသတ်မှတ်ဘဲ ပြီးဆုံးတဲ့နေ့ကို အဘိဓမ္မာအခါတော်နေ့လို့ ဘာလို့ သတ်မှတ်ရသလဲဆိုရင် စဟောတဲ့နေ့က အဘိဓမ္မာတရား ပြည့်ပြည့်စုံစုံ ဟောရခဲ့သေးတာ မဟုတ်သေးဘူး။ အခုလို နောက်ဆုံး အဘိဓမ္မာ (၇)ကျမ်းဟောလို့ နိဂုံးအုပ်နိုင်တဲ့နေ့ကို အဘိဓမ္မာအခါတော်နေ့လို့ သတ်မှတ်တာ

က ပိုပြီးသဘာဝကျတယ်။ များသောအားဖြင့် မှတ်တမ်းတွေထဲမှာ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရား ဟောတဲ့အခါမှာ ရပ်ဆိုင်းခြင်းမရှိဘဲနဲ့ ဟောတယ်၊ အသံမစဲဟောတယ်ပေါ့လေ။ အဘိဓမ္မာတရားတော်ကိုပဲဟောတယ်လို့ အများက သိနေကြသော်လည်း ရံခါရံခါ တရားနာတဲ့ နတ်တွေအတွက် လိုအပ်တဲ့အချက်တွေကို ထည့်သွင်းဟောသွားတာတွေလည်း ရှိတယ်ဆိုတာ ပိဋကတ်စာပေ သဲလွန်စအရ သိရှိရတယ်။

အဘိဓမ္မာဟောရင်း ဟောပြောသွားတဲ့ တရားတွေရှိတယ်ဆိုတာ **လောမသကင်္ဂိယဘဒ္ဒေကရတ္တ သုတ္တန်**ဆိုတာ ရှိတယ်။ အဲဒီဘဒ္ဒေကရတ္တသုတ်အရ အဘိဓမ္မာတရား ဟောတုန်းက ကိုယ်တိုင်နာခဲ့တဲ့ စန္ဒနနတ်သားက

ရှင်လောမသကင်္ဂိယနဲ့ တွေ့တဲ့အခါမှာ ဘဒ္ဒေကရတ္တ သုတ် အနှစ်ချုပ်ဂါထာကို နာခဲ့ရတဲ့အကြောင်းကို လျှောက်ထားဖူးတယ်။

အဲဒီသဲလွန်စ စကားအရ သုံးလပတ်လုံး အဘိဓမ္မာတရားဟောတယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင်သော်လည်း နတ်တွေရဲ့ စရိုက်ဝါသနာတွေကို ကြည့်ပြီး တရားထူးတရားမြတ် ရစေဖို့အတွက် သုတ္တန် တရားများကိုလည်း ထည့်သွင်းဟောကြား တယ်လို့ ဒီလိုမှတ်သားသင့်တယ်။

အဘိဓမ္မာဒေသနာတော်ဆိုတာဟာ ပရမတ္ထ တရားလေးပါးကို အခြေပြုတယ်။ သို့သော် အခြေပြု တဲ့ ပရမတ္ထတရားလေးပါးကိုပဲ ရှုထောင့်ပေါင်း မြောက်များစွာကနေ ခွဲ့ထွင်ပြီးတော့ ဟောတာ။ အားလုံးသိကြတဲ့အတိုင်း အဘိဓမ္မာ (၇)ကျမ်းမှာ အကျယ်ဆုံးကျမ်းဟာ "အနန္တနယသမန္တပဋ္ဌာန" လို့

ခေါ်တဲ့ ပဋ္ဌာန်းကျမ်းကြီးပေါ့။ မြန်မာပြည်မှာ ပဋ္ဌာန်း စာအုပ်ကို ပေယျာလမြှုပ်ပြီး ပုံနှိပ်ထားတာဖြစ်လို့ (၅)အုပ်ပဲရှိတာ။ တကယ်ကတော့ ပေယျာလ မမြှုပ်ဘဲ မေးခွန်းနဲ့ အဖြေတွေအားလုံး ထုတ်ဖော်ပြီး စာအုပ်အဖြစ် ပုံနှိပ်မယ်ဆိုရင် အခု ရတနာပုရ ဗိမာန်ကြီးပင် စာအုပ်တွေနဲ့ ပြည့်လျှံသွားနိုင်တယ်။ အဲဒီလောက်ထိ ထုထည်ကြီးမားတယ်လို့ မှတ်သား ကြရတယ်။

လောကမှာ ရှိသမျှအကြောင်းတရားတွေကို ပြည့်ပြည့်စုံစုံ ဟောကြားခဲ့တာ ဒီအဘိဓမ္မာပဲ။ အဘိဓမ္မာ ဆိုတာ အဘိဝိသိဋ္ဌဓမ္မ ထူးခြားတဲ့ဓမ္မတွေ ပါဝင်တဲ့ ဒေသနာ၊ သို့မဟုတ် အတိရေကဓမ္မ ပိုပြီး ပြည့်ပြည့်စုံစုံ ဟောထားတဲ့ ဒေသနာဖြစ်တယ်။ တနည်းအားဖြင့် ပြောရမယ်ဆိုရင် "အဘိ" ဆိုတာ အလွန်လေးနက်တဲ့။ ဓမ္မ= ဆိုတာ သဘာဝတရား

ဓမ္မများလို့ ဆိုလိုတယ်။ သာမန်ပုဂ္ဂိုလ်တွေက "ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ" ဆိုတဲ့ လောက ဝေါဟာရအရသာ သိနေကြသော်လည်း မြတ်စွာဘုရားက အဘိဓမ္မာတရားတော်ကို သမ္မုတိသစ္စာပိုင်းက စကားလုံးတွေ များများမသုံးဘဲနဲ့ ပရမတ္ထဆိုက်ထိတဲ့ စကားလုံးတွေ သုံးနှုန်းဟောပြသွားတာဖြစ်တယ်။ အဘိဓမ္မာတရားတော်ဟာ သုတ္တန်တွေထက် ပိုပြီးလေးနက်တယ်၊ ပိုပြီးပြည့်စုံတယ်။

သုတ္တန်ပါဠိဆိုတာ လူတွေရဲ့ စရိုက် ဝါသနာ အခြေနေကိုကြည့်ပြီး ဆုံးမသွန်သင်ခဲ့တဲ့ တရားဒေသနာတော်များ ဖြစ်တယ်။ အဘိဓမ္မာကတော့ စရိုက်ဝါသနာများကို ရှုငဲ့ခြင်းမပြုဘဲ "ဘယ်လို သဘာဝတရားတွေ အချင်းချင်း အမှီပြုဆက်သွယ်ပြီး ဖြစ်ကြသလဲ"ဆိုတာကို ရှင်းပြတယ်။ သဘာဝတရားသက်သက် အကျယ်ချဲ့ ဟောထားတာဖြစ်လို့

အင်မတန်မှ ထူးခြားတဲ့ ဒေသနာတော်တစ်ရပ်လို့ ဗုဒ္ဓဘာသာဝင်တွေအားလုံး တညီတည်း လက်ခံထားကြတယ်။

အဲဒီ အဘိဓမ္မာဒေသနာတော်ကို အကျယ်ချဲ့ပြီး တာဝတိံသာနတ်ပြည်မှာ မြတ်စွာဘုရား ဟောတာက တစ်ပွဲ၊ လူ့ပြည်မှာ မြတ်စွာဘုရားဆီက နည်းခံပြီးတော့ ရှင်သာရိပုတ္တရာ ဟောတာက တစ်ပွဲလို့ အဘိဓမ္မာတရားပွဲကြီး နှစ်ပွဲဟာ တစ်ပြိုက်နက် ပြီးဆုံးတယ်လို့ ပြောရမယ်။ ဒီကနေ လူ့ပြည်ရောက်လာတဲ့ အဘိဓမ္မာတရားတော်ဟာ ရှင်သာရိပုတ္တရာ ဟောတဲ့ အဘိဓမ္မာတရားလို့ မှတ်ယူရမှာ ဖြစ်တယ်။ "အဘိဓမ္မေ ပါစနာမဂ္ဂေါ နာမ သာရိပုတ္တထေရပ္ပဘဝေါ" အဘိဓမ္မာမှာ အခုလို အစီစဉ်တကျ "ဝါစနာမဂ္ဂ" ပို့ချတဲ့အစဉ်၊ (သို့မဟုတ်) အဘိဓမ္မာ လက်ချာဟာ ရှင်သာရိပုတ္တရာ ပေးသွားတဲ့အတိုင်း

မှတ်တမ်းတင်ထားတာ ဖြစ်တယ်။ လူသားတွေနဲ့ သင့်လျော်ရုံ မကျဉ်းမကျယ် စီစဉ်ထားတဲ့ အဘိဓမ္မာ တရား ဖြစ်တယ်။ နတ်ပြည်မှာဟောတဲ့ အဘိဓမ္မာ တရားကတော့ ဒီထက်ပိုပြီး ကျယ်ဝန်းတယ်။

အဲဒီ အဘိဓမ္မာကို မြတ်စွာဘုရား ပြည့်ပြည့် စုံစုံဟောကြားပြီး ဒီကနေ့ပဲ နိဂုံးချုပ်နိုင်ခဲ့တာပါ။ အဲဒီလို နိဂုံးချုပ်နိုင်တဲ့အခါမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို လူ့ပြည်ပြန်ကြွဖို့ လာရောက် ပင့်တဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲဆိုရင် ရှင်မဟာ မောဂ္ဂလာန် ဖြစ်တယ်။ ရှင်လူပရိသတ်ဟာ ဝါတွင်း သုံးလပတ်လုံး မြတ်စွာဘုရားကို စောင့်မျှော်ပြီး နေကြတယ်။ မြတ်စွာဘုရား အပြန်ခရီးဟာ ဘယ်က လာမယ်ဆိုတာကို သိချင်ကြတယ်။ ရှင်သာရိပုတ္တရာ က တန်ခိုးအရား ထူးချွန်သူ မဟုတ်သည့်အတွက် ရှင်သာရိပုတ္တရာဆီ ချဉ်းကပ်ပြီး မမေးကြဘူး။

တန်ခိုးအရာ ဧတဒဂ်ရတဲ့ ရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်ပြီး မေးကြတယ်။ မြတ်စွာဘုရားကို လူ့ပြည် ပြန်ကြွလာဖို့ သွားရောက် ပင့်တာကတော့ ရှင်မောဂ္ဂလာန်ပဲ ဖြစ်တယ်။

မြတ်စွာဘုရား မိန့်ကြားချက်အရ နတ်ပြည်က အပြန်ခရီးမှာ သင်္ကဿမြို့မှာ ဆင်းသက်မယ်။ အဲဒီ နေရာဌာနကိုပဲ ပရိသတ်တွေက ပြောင်းရွှေ့ပြီး မြတ်စွာဘုရား ပြန်ကြွလာမယ့်အချိန်ကို စောင့်မျှော် နေကြတာဖြစ်တယ်။ မြတ်စွာဘုရား လူ့ပြည်ပြန်ကြွ လာတဲ့နေ့ဟာ ဒီကနေ့ဆိုတော့ ထူးခြားချက်တစ်ခုပဲ လို့ သတ်မှတ်ရမယ်။ သီတင်းကျွတ်လပြည့်နေ့ဟာ အင်မတန်မှ ထူးခြားတယ်။

မြတ်စွာဘုရား စောင်းတန်းသုံးသွယ်ဖြင့် နတ်ပြည်မှ ကြွဆင်းတယ်ဆိုတာ ထားလိုက်တော့။ မြတ်စွာဘုရား ကြွလာတယ်။ နတ်တွေလိုက်ပြီး

ပို့ဆောင်ကြတယ်။ သက်ဿမြို့မှာ ပြန်ပြီးဆင်းသက်ကြွရောက်လာတယ်။ အဲဒီလို မြတ်စွာဘုရား လူ့လောက ပြန်လည်ခြေချတဲ့အချိန်မှာ ဘုရားကို ပထမဆုံး ရှိခိုးနှုတ်ဆက်ခွင့်ရတဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲဆိုရင် ရှင်သာရိပုတ္တရာမထေရ်မြတ်ဖြစ်တယ်။ ရှင်သာရိပုတ္တရာဟာ ဝါတွင်းသုံးလ မြတ်စွာဘုရားထံက အဘိဓမ္မာတရားတွေကို သင်ယူခဲ့တာဖြစ်တယ်။ နေ့စဉ်နဲ့အမျှ မြတ်စွာဘုရားနဲ့ ရှင်သာရိပုတ္တရာတို့ ဆက်သွယ်မှုရှိနေကြတယ်။ လူ့ပြည်ကို ပြန်ရောက်တဲ့ အချိန်မှာ ပထမဆုံး ခြေတော်အစုံကို ဦးတိုက်ပြီး ရှိခိုးခွင့်ရတာလည်း ရှင်သာရိပုတ္တရာမထေရ်မြတ်ပဲ။

ဒုတိယ ဦးတိုက်ခွင့်ရသူကတော့ အမျိုးသမီး ဘိက္ခုနီတစ်ဦးပဲ။ ဥပ္ပလဝဏ္ဏာထေရီလို့ ခေါ်တယ်။ မြတ်စွာဘုရားကို ဒုတိယမြောက် ရှိခိုးကန်တော့ခွင့်

ရသူဖြစ်တယ်။ အင်မတန်များပြားတဲ့ ပရိသတ်ကြီးထဲမှာ ဒီအခွင့်အရေးရတယ်ဆိုတာ နည်းတာမဟုတ်ဘူးလေ၊ ကြီးမားတဲ့ အခွင့်အရေးကြီးပဲ။ အမျိုးသားထဲက ရှင်သာရိပုတ္တရာ၊ အမျိုးသမီးဘိက္ခုနီတွေထဲက ဥပ္ပလဝဏ္ဏာထေရီမတို့ဟာ အင်မတန်ထူးခြားတဲ့ အခွင့်အရေးကြီးတွေကို ရရှိကြတယ်။ ဒီနေရာမှာ အရှင်အာနန္ဒာတို့ အရှင်မောဂ္ဂလာန်တို့ ဒီအခွင့်အရေးရတယ်ဆိုတာ စာထဲမှာ မှတ်တမ်းမရှိဘူး။ ဒါကလည်း ဒီမြတ်စွာဘုရား သာသနာတော်နဲ့ ပတ်သက်ပြီး ဒီကနေ့ ထူးခြားချက်ပဲလို့ ဒီလိုကြည့်ရမယ်။

အဲဒီမှာ ပထမဆုံးဦးတိုက်ခွင့်ရတဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်က ခမ်းခမ်းနားနားနဲ့ လှူပြည်ပြန်လည်ရောက်ရှိလာတဲ့ မြတ်စွာဘုရားကိုကြိုဆိုရင်းနှုတ်ဆက်တယ်။

"နမေ ဒိဿော ဣတော ပုဗ္ဗေ၊ န သုတော ဥဒ ကဿစိ" ယခင်က သူတစ်ခါမှ ဒီလိုခမ်းနားကြီးကျယ်တဲ့ မြတ်စွာဘုရားရဲ့ ကျက်သရေတွေကို မတွေ့ရဘူးပါဘူး။ ဘယ်သူ့ဆီကမှလည်း ဒီလို ကျက်သရေရှိတဲ့ မြတ်စွာဘုရား နတ်ပြည်က လူ့ပြည် ပြန်ရောက်လာတယ်ဆိုတဲ့ သတင်းကိုလည်း မကြားရဘူးပါဘူး။ အင်မတန်မှ ခမ်းနားကြီးကျယ်စွာ မြတ်စွာဘုရားကို တလောကလုံးက ဦးညွှတ်ပြီးတော့ လူတွေသာမက နတ်တွေ ဗြဟ္မာတွေ စကြာဝဠာပေါင်း မြောက်များစွာက ကောင်းကင်ယံကြီး တစ်ခုလုံး ပြည့်နေအောင် ဦးတိုက်ရှိခိုးကြတယ်။ ဗုဒ္ဓရဲ့ အသရေတော်ဟာ အင်မတန်မှ ထူးခြားလှပါတယ်လို့ ရှင်သာရိပုတ္တရာမထေရ်မြတ်က လျှောက်ခဲ့တာပါ။

ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ပညာအရာ အင်မတန်ကြီးတယ်။ "နမေ ဒိဿော ဣတော ပုဗ္ဗေ" ဒီအရင်တုန်းက မြတ်စွာဘုရား အခုလို ခမ်းခမ်းနားနား ကြီးကျယ်စွာ ကြွရောက်လာတာ သူမမြင်ဖူးဘူး "န သုတော ဥဒကာဿစိ" ဘယ်သူ့ထံမှလည်း မကြားဖူးဘူး၊ အင်မတန်မှ ထူးခြားတယ်လို့ မြတ်စွာဘုရားကို ဦးစွာ နှုတ်ဆက်စကား ပြောကြားခဲ့တာ ဖြစ်တယ်။

လူထုကြားမှာ အလွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ ရှိသေးတယ်။ အဲဒါ ဘယ်သူတွေတုန်းဆိုရင် နတ်ပြည်ရောက် မြတ်စွာဘုရားရဲ့ သတင်းတွေကို ပြန်ကြားပေးနေတဲ့ ရှင်မောဂ္ဂလာန်နဲ့ ရှင်အနုရုဒ္ဓါတို့ပဲ ဖြစ်တယ်။ အရှင်မောဂ္ဂလာန်နဲ့ အရှင်အနုရုဒ္ဓါတို့ဟာ ပရိသတ်ကြားမှာ အတော့်ကို Popular ဖြစ်ကြတယ်။ ဘာဖြစ်လို့တုန်းဆို တန်ခိုးရှင်တွေ ဖြစ်လို့ပဲ။ တန်ခိုးရှင်တွေဟာ အလွန် Popular ဖြစ်တယ်။

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ ၂-ပါးဟာ အင်မတန်မှလည်း ရင်းနှီးကြတာ။ သို့သော်တန်ခိုးအရာမှာ ထူးခြားပြောင်မြောက်တာက ရှင်မောဂ္ဂလာန် ဖြစ်တယ်။ ရှင်မောဂ္ဂလာန်ဟာ လူ့လောကအလယ်မှာ အလွန်ထင်ရှားတယ်။ ရှင်မောဂ္ဂလာန်ကြောင့် ဗုဒ္ဓသာသနာတော်ကို လူသိများပြီး ကြီးပွားတိုးတက်တယ်လို့ ယူဆကြတယ်။ ဒါကြောင့်မို့ ရှင်မောဂ္ဂလာန်ကို အပြုတ်ရှင်းတယ်ဆိုတာ ဒီကိစ္စလည်းပါတယ်။ အတိတ်က ဝဋ်ကြွေးဆိုတာထားလိုက်၊ ပစ္စုပ္ပန်လုပ်ရပ်က အဲဒီဘက်ကို ဦးလှည့်နေတယ်။

ဒါတင်မကဘူး၊ ရှင်မောဂ္ဂလာန်ရဲ့ စွမ်းဆောင်မှုတွေက ဘာတွေတုန်းဆိုရင် ရှင်မောဂ္ဂလာန်ဟာ ဒေသစာရီ ကြွချီလေ့ရှိတယ်။ နတ်ပြည်ရောက်လိုက်၊ ဒုဂ္ဂတိဘုံတွေရောက်လိုက်နဲ့ လှည့်လည် သွားလာပြီး

နတ်ပြည်က နတ်သား နတ်သမီးတွေ ဘာကုသိုလ်တွေလုပ်လို့ ဒီလိုစည်းစိမ်တွေ ရတာတုန်းဆိုတာ မေးတယ်။ မေးပြီး လူ့ပြည်ပြန်ဟောတယ်၊ တစ်ခါ ဆင်းရဲဒုက္ခ ရောက်နေကြတဲ့ ဒုဂ္ဂတိဘုံတွေဆီ သွားတယ်။ သွားပြီး ဘာကြောင့် ဒီလိုဒုက္ခခံရသလဲ၊ ဘာကြောင့် ဒီဘဝရလာတာလဲ၊ ဘယ်ဘဝက လာတာလဲလို့ ဆိုတာတွေ မေးမြန်းပြီး လူ့ပြည် ပြန်ဟောတယ်။ **ဝိမာနဝတ္ထုတို့ ပေတဝတ္ထုတို့**ဟာ အများအားဖြင့် ရှင်မောဂ္ဂလာန်မထေရ်မြတ်ရဲ့ "ခရီးသွားမှတ်တမ်း" တွေလို့ ပြောရမှာပဲ။ သူကိုယ်တိုင် သွားရောက်စုံစမ်းပြီး ကံ,ကံ၏အကျိုးကို ဖော်ညွှန်းတဲ့ ဒီဒေသနာတော်တွေနဲ့ လူ့လောကမှာ သာသနာပြုတာ။ အလွန်အောင်မြင်ခဲ့တယ်လို့ ဒီလို ပြောရမှာဘဲ။

အဲဒီတော့ ရှင်မောဂ္ဂလာန်တို့က ပရိသတ်ထဲမှာ အလွန်လူသိများ၍ ထင်ပေါ်ကျော်ကြားမှုကို ရရှိနေကြတယ်။ အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားဆီက သင်ယူပြီး သူ့ရဲ့ တပည့်သာဝက ငါးရာကို သင်ကြားပို့ချပေးနေတဲ့ ရှင်သာရိပုတ္တရာကတော့ လူသိနည်းတယ်။ ဒီပရိသတ်ကြီးက ရှင်သာရိပုတ္တရာရဲ့ ပညာစွမ်းကို မသိကြဘူးတဲ့။

ပညာဆိုတာ အင်မတန်မှ နက်နဲတယ်၊ ခက်ခဲတယ်၊ ရှင်မောဂ္ဂလာန်လို တန်ခိုးရှင်တွေဟာ တောင်ကြီးလို ထင်ပေါ်ကျော်ကြားနေပေမယ့် ရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ ပညာရည်အချင်းကိုတော့ လူတွေက သိပ်မသိကြဘူး။ အဲဒီမသိတာကို သိစေလိုတဲ့ဆန္ဒ မြတ်စွာဘုရားမှာ ရှိတယ်။ ဒီလောက်များပြားလှတဲ့ သံဃာ့ပရိတ်သတ်ထဲမှာ ဗုဒ္ဓဝိသယ ဘုရားအရာ ဘုရားမှသာ ဖြေနိုင်တဲ့ မေးခွန်းမျိုးကို

မေးလိုက်တဲ့အခါ ဖြေနိုင်သူ မရှိကြဘူး၊ ရှင်သာရိပုတ္တရာတပါးသာ ဖြေဆိုနိုင်တယ်။ အဲဒီ အချိန်ကျမှ ပရိသတ်ကြီးက ရှင်သာရိပုတ္တရာဟာ ဘုရားပြီးရင် ပညာအကြီးဆုံးပဲလို့သိပြီး ရှိခိုးဦးညွှတ်လာကြတယ်။

ဆိုလိုတာက "အဘိဓမ္မာအခါတော်နေ့မှာ မြတ်စွာဘုရားက ပညာရှင်တွေရဲ့ ဂုဏ်ကျေးဇူးကို ထုတ်ဖော်တယ်" လို့ ဒီလိုပြောလို့ရတယ်။ ပညာရှင်ဆိုတာမျိုးက ဘာနဲ့တူတုန်းဆိုလို့ရှိရင် စည်ကြီးနဲ့ တူတယ်။ စည်ဟာ တီးမှအသံထွက်တယ်။ ပညာရှိကလည်း မေးမှပြောတယ်။ အဲဒါကြောင့်မို့ Popular မဖြစ်ဘူး။

## ပညာရှိဆိုတာ ဆားအိုး

အရှင်မောဂ္ဂလာန်နဲ့ အရှင်သာရိပုတ္တရာတို့ တစ်ခါတုန်းက ပြောကြဆိုကြတာရှိတယ်။ ရှင်သာရိ

ပုတ္တရာက ပထမဆုံး ဥပမာပေးပြီးတော့ ရှင်မောဂ္ဂလာန်ကိုပြောတယ်။ "အရှင်မောဂ္ဂလာန်တို့များ အင်မတန်မှ တန်ခိုးကြီးမားလှပါပေတယ်။ လူသိထင်ရှား "အင်မတန်မြင့်မားတဲ့ တောင်ကြီး"လိုပါပဲ။ တပည့်တော်တို့ကတော့ အဲဒီ တောင်ထဲမှာရှိတဲ့ ကျောက်တုံးလေး တစ်တုံးလောက်ပါပဲလို့ ရှင်မောဂ္ဂလာန်ကို ဂုဏ်တင်ပြီး ပြောခဲ့တယ်။ ရှင်မောဂ္ဂလာန်က တောင်ကြီးလို ကြီးမားကျော်ကြားပြီး တပည့်တော်ကတော့ အဲဒီတောင်ကြီးအနီးက ကျောက်တုံးကလေးပါပဲလို့ ပြောတယ်။

ရှင်မောဂ္ဂလာန်က ဘာပြန်လျှောက်တုန်းဆိုရင် "အရှင်ဘုရားတဲ့၊ အရှင်ဘုရားက တကယ်ပညာအရာ ထူးချွန်တဲ့ ပုဂ္ဂိုလ်ဆိုတော့ "ဆားအိုးကြီး" လိုပါပဲတဲ့။ တပည့်တော်က အဲဒီဆားအိုးကြီးထဲက "ဆားပွင့်ကလေး"ပါလို့ ပြောတယ်။

ဒီနှိုင်းယှဉ်ချက်နှစ်ခုကို သာမန်ကြည့်မယ် ဆိုလို့ရှိရင် ဆားအိုးဆိုတာ ဘာလုပ်မှာလဲ။ သေးသိမ်တဲ့ ဥပမာလို့ ဒီလိုထင်ကောင်း ထင်လိမ့်မယ်။ အဲဒီမှာ ပညာရှိကို ဆားနဲ့နှိုင်းတယ်ဆိုတာ အလွန်အဓိပ္ပါယ်ရှိတယ်။ လူတွေစားကြတဲ့ အစာအဟာရထဲမှာ ဘယ်အရာပဲဖြစ်ဖြစ် ဆားဆိုတာ မမြင်ရဘူး။ ဆားကိုလည်း တိုက်ရိုက်မစားကြဘူး။ သို့သော် ဟင်းခွက်တိုင်း ဆားမပါရင် အရသာ ပေါ့ပျက်ပျက်ဖြစ်တယ်။ နောက်ဆုံး သရေစာတွေတောင် ဆားလေးပါမှ ကောင်းတယ်ဆိုတာ ဖြစ်တယ်။ ဆားဆိုတာ ဟင်းထဲမှာ ပျော်ဝင်နေတာဆိုတော့ မသိဘူး၊ မထင်ရှားဘူး၊ ကြက်သားဟင်းမှာလည်း ခပ်မှာဘဲ။ ဒါပေမယ့် ကြက်သားဟင်း ဆားမပါဘဲနဲ့ ချက်ကြည့် ပေါ့ရွှတ်ရွှတ်ဖြစ်မှာဘဲ။

ရှင်မောဂ္ဂလာန်ပေးလိုက်တဲ့ ဥပမာမှာ ဆား ဆိုတာ လူတွေစားသုံးတဲ့ အရာအားလုံးထဲမှာ သူမပါရင် လုံးဝ အရသာမရှိဘူး။ "ပညာရှိမပါရင် ဘာမှမဖြစ်ဘူး"ဆိုတဲ့ အဓိပ္ပါယ်နဲ့ပြောတာ၊ ဥပမာ စကားဟာ တွေးလေ လေးနက်လေပဲ။ တန်ခိုးကြီးလို့ Popular ဖြစ်တဲ့ ပုဂ္ဂိုလ်က တောင်ကြီးလို ကြီးမား တယ်။ ပညာရှိ ပုဂ္ဂိုလ်ကတော့ သူ့ရဲ့အရည်အချင်း သိပ်ပြီး မသိရဘူး။ သို့သော် သူမပါရင် ပေါ့ပျက်ပျက် ကြီးဘဲ။ အရသာမထွက်ဘူးဆိုတဲ့ အဓိပ္ပါယ်နဲ့ ပြောတာ။

လူ့ဘဝတုန်းကလည်း သူငယ်ချင်း၊ ရဟန်း ဖြစ်လာတော့လည်း အတူတကွနေကြတဲ့ လက်ဝဲရံ လက်ယာရံ ဒီမထေရ်မြတ်ကြီးနှစ်ပါး အပြန်အလှန် အခုလို စကားပြောပုံ မှတ်တမ်းတင်တဲ့ သုတ္တန်ကို ဃဋသုတ္တန်လို့ခေါ်တယ်။ သံယုတ်ပါဠိတော်မှာ ပါရှိတယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ပညာကြီး တော့ နေရာတကာမှာ သူပါရတယ်။ အဘိဓမ္မာ တရား ဟောတာလည်း သူပါရတယ်။ သို့သော် သူပါတာကို မသိကြဘူး။ မသိကြလို့ မြတ်စွာဘုရား က မေးခွန်းထုတ်ပြီး ရှင်သာရိပုတ္တရာရဲ့ ဉာဏ်စွမ်း ဉာဏ်စတွေကို ထုတ်ဖော်ပေးခဲ့တာ။ အဲဒါလည်း ဒီကနေ့ဘဲပေါ့။

ဗုဒ္ဓသာသနာမှာ သီတင်းကျွတ်လပြည့်နေ့ရဲ့ ထူးခြားချက်တွေက အဘိဓမ္မာအခါတော်နေ့ တစ်ခု တင်မဟုတ်ဘူး။ နတ်ပြည်ကနေ လူ့ပြည်သို့ ကြွလာ ပြီး ရှေးဦးစွာ ခြေချတဲ့နေ့ဟာလည်း ဒီသီတင်းကျွတ် လပြည့်နေ့ပဲလို့ ဒီလိုမှတ်ကြရတယ်။ ပညာဂုဏ်ကို ထုတ်ဖော်ပြီး ပညာရှိကို ရှေ့တန်းတင်ပေးတဲ့ နေ့ဟာ လည်း ဒီကနေ့ပဲလို့ ဒီလိုမှတ်ရမယ်။

နောက်တစ်ခုက ဘာတုန်းဆိုရင် ဒီသီတင်းကျွတ်လပြည့်နေ့မှာ ယနေ့ မြန်မာပြည်မှာရှိကြတဲ့ သံဃာ ၅သိန်းခန့် ရှိတဲ့ထဲမယ် ရဟန်းတော်အရှင်မြတ်တွေက မိမိတို့ ဝါဆိုရာ ဒေသလအလိုက် ပဝါရဏာ ပြုကြတယ်။ စည်းလုံးမှုအတွက် အရေးပါတဲ့ ပဝါရဏာပွဲကို ဆင်နွှဲကြတာဖြစ်တယ်။ ပဝါရဏာဆိုတာ ဖိတ်ကြားခြင်းပဲ။ အင်မတန်မှ မှတ်သားစရာကောင်းတဲ့ လုပ်ငန်းတစ်ခု၊ စည်းရုံးရေးမှာ အလွန်အရေးကြီးတဲ့ ထိရောက်တဲ့လုပ်ငန်းတစ်ခုဖြစ်တယ်။ "ကိုယ်တိုင်မြင်လို့ပဲဖြစ်စေ၊ သူများဆီက တစ်ဆင့်ကြားလို့ပဲဖြစ်စေ၊ သို့မဟုတ်သံသယဖြစ်စရာတွေ့ပြီး သံသယဖြစ်လို့ပဲဖြစ်စေ ကောင်းကျိုးကိုလိုလားတဲ့ မွန်မြတ်တဲ့ စိတ်ထားနဲ့ ပြောဆိုသတိပေးပါ။ အပြစ်ကို တွေ့မြင်တဲ့အခါ ပြုပြင်ပါ့မယ်"လို့ ခုလိုပွင့်လင်းတဲ့ စကားလုံးနဲ့ ပွင့်လင်းမြင်သာ အချင်းချင်း

ဝေဖန်စရာရှိရင် ဝေဖန်ပါ။ ထောက်ပြပါ။ အားလုံး လက်ခံပါမယ်ဆိုတဲ့ အပြောမျိုးနဲ့ အချင်းချင်း အပြန်အလှန် ဖိတ်ကြားတာ ဖြစ်တယ်။ စည်းလုံး ညီညွတ်မှုအတွက် ပဝါရဏာပြုတာဟာလည်းဘဲ ဒီသီတင်းကျွတ်လပြည့်နေ့ပဲ။

တစ်နေရာမှာ စုနေတဲ့ပုဂ္ဂိုလ်တွေ မကြာခင်ပဲ သာသနာပြုခရီး ထွက်ကြတော့မှာ၊ ထွက်တဲ့အခါမှာ အတူနေလာတဲ့ အချိန်ပိုင်းမှာ တစ်ဦးနဲ့တစ်ဦး အဆင်မပြေတာရှိရင် လျှော့ပါးသွားဖို့ အခုလို ဖိတ်ကြားခြင်းပဲ ဖြစ်တယ်။ အင်မတန်မှ ယဉ်ကျေးတဲ့ လူ့ယဉ်ကျေးတို့ရဲ့ အစဉ်အလာတစ်ခုပဲ။ အဲဒီ ယဉ်ကျေးမှု အစဉ်အလာတစ်ခုဟာ ဗုဒ္ဓသာသနာ တော်မှာ ထင်ထင်ရှားရှား ရှိနေတယ်ဆိုတာကို မီးမောင်း ထိုးပြလိုက်သလိုပဲ။ အင်မတန်မှ ကောင်းမြတ်တဲ့ အစဉ်အလာတစ်ခုပါ။

အဲဒီတော့ ဒီလိုထူးခြားပြီး မှတ်သားစရာလေးတွေနဲ့ ပြည့်နှက်နေတဲ့ သီတင်းကျွတ်လပြည့်နေ့မှာ တို့တတွေ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဖြစ်သည်အားလျော်စွာ ဒီကနေ့ရဲ့ ထူးခြားချက်တွေ ဘာတွေရှိတယ်ဆိုတာကို သိရှိနားလည်ပြီး မိမိတို့ရဲ့ အခြေခံစိတ်ဓာတ်တွေ သဘောတရားတွေ တစ်ဦးနဲ့တစ်ဦး ပေါင်းသင်းဆက်ဆံတဲ့အခါမှ မည်သို့ ပေါင်းသင်းဆက်ဆံကြမယ်။ ဘယ်လိုသဘောထားရမယ်ဆိုတာ သိရှိနားလည်နိုင်ကြတယ်။

လောကမှာ အယဉ်ကျေးဆုံးလို့ ဆိုနိုင်တဲ့ လူ့အသိုင်းအဝိုင်းဟာ ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းပဲ ဖြစ်တယ်။ သို့သော် ရိုင်းစိုင်းတာ မရှိဘူးလားဆိုရင် ရှိတယ်၊ ဒါ ကာယကံရှင်နဲ့ပဲ ဆိုင်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒက ရိုင်းစိုင်းစေတာ တစ်ခုမှမရှိဘူး။ ယဉ်ကျေးစေတယ်။

အင်မတန်မှ ယဉ်ကျေးစေတဲ့ အဆုံးအမ ဖြစ်တယ်။ ဘိက္ခု၊ ဘိက္ခုနီ၊ အမျိုးသား ဉပါသကာ၊ အမျိုးသမီး ဉပါသိကာမလို့ဆိုတဲ့ ဗုဒ္ဓသာဝက အဖွဲ့အစည်း (Buddhist society) ဆိုတာ ဒီလေးခုပဲ။ ဒီလေးခု ဟာ တညီတည်း တာဝန်ရှိပြီး တညီတည်း လိုက်နာ ကျင့်သုံးကြရတဲ့ ဗုဒ္ဓရဲ့အဆုံးအမပဲ ဖြစ်တယ်။

အဲဒီတော့ ဒီနေ့ရဲ့ ထူးခြားချက်ကလေးတွေကို ကြည့်ပြီး ဒီစနစ်ဟာ အင်မတန်မှကောင်းမြတ်တယ်။ အချင်းချင်း လိုက်လျောညီထွေရှိအောင် အချင်းချင်း ဖိတ်ကြားမှုဆိုတာ လူတွေမှာလည်း လုပ်သင့်တယ်။ အတူတကွနေကြတဲ့အခါ "အပြစ်ရှိရင်ပြောပါနော်။ သတိပေးပါ။ လိုက်နာပါ့မယ်" ဆိုတဲ့ အပြောလေး တွေဟာ လူ့လောကမှာ အယဉ်ကျေးဆုံး အပြုအမူ ပဲ။ ဘာဖြစ်လို့တုန်းဆိုရင် "လူဆိုသည်မှာ အသိဉာဏ်မထိရောက်တဲ့ အခါမျိုး၊ သတိလက်လွတ်

သွားတဲ့ အခါမျိုး"မှာ အမှားအယွင်းလေးတွေ ဆိုတာ လုပ်မိတတ်တယ်။ တစ်ဦးနဲ့တစ်ဦးအကြား စိတ်ခု စရာလေးတွေ ရှိတတ်တယ်။ စိတ်ခုစရာတွေမရှိပဲ တစ်ဦးနဲ့တစ်ဦး မေတ္တာသက်ရောက်မှုဆိုတာ အင်မတန်မှ အရေးကြီးတာပါ။

အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးဆိုပြီး ဖွဲ့ထားတဲ့ အသင်းသူ အသင်းသားတွေမှာ အချင်းချင်း စိတ်ခုစရာတွေ မရှိစေရဘူး။ အပြန် အလှန် နားလည်မှုတွေပေးပြီး လိမ္မာယဉ်ကျေးတဲ့ ဗုဒ္ဓဘာသာ အသင်းကြီး ဖြစ်သင့်တယ်။ စိတ်ထဲ နှလုံးသားထဲမှာ ဒီလိုမှတ်သားထားပြီး သီတင်းကျွတ် ရဲ့ စိတ်ဓာတ်၊ ပဝါရဏာ စိတ်ဓာတ် ပဝါရဏာ ယဉ်ကျေးမှုတွေ လက်ခံကျင့်သုံးဖို့ လိုအပ်တယ်။

## ဗုဒ္ဓ၏ ဖိတ်ကြားမှု

အဲဒီတော့ ဒီပဝါရဏာ ဖိတ်ကြားမှုကို မြတ်စွာဘုရားကိုယ်တိုင် လုပ်တယ်။ "ငါကဘုရားပဲ၊ ငါဟောတာပဲ၊ မင်းတို့လိုက်နာကြရမယ်" ဆိုတာမျိုး မရှိဘူး။ မြတ်စွာဘုရားကိုယ်တိုင် ရဟန်းတပည့်တွေကို ဖိတ်ခေါ်တယ်။ "ငါ့မှာ တစ်စုံတစ်ခု အပြစ်ရှိရင် ပြောကြ"လို့ မြတ်စွာဘုရားကိုယ်တိုင်က ဖိတ်ခေါ်တယ်။ အလွန်အံ့ဩစရာ ကောင်းတယ်။

ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာတော်တွေထဲက သံယုတ်ပါဠိတော်ထဲမှာ **ဝင်္ဂီသသံယုတ်**ဆိုတာ ရှိတယ်။ အဲဒီ ဝင်္ဂီသသံယုတ်မှာ **ပဝါရဏာသုတ္တန်** ဆိုတာ ရှိတယ်။ အခုလို သီတင်းကျွတ်လပြည့်နေ့ပဲ။ မြတ်စွာဘုရားကိုယ်တိုင်က တပည့်တွေကို ပွင့်လင်းစွာ သူ့မှာအပြစ်ရှိရင် ပြောကြလို့ဆိုပြီး ဖိတ်ခေါ်ခဲ့ကြောင်း ပါရှိတယ်။

မြတ်စွာဘုရားက သာဝတ္ထိပြည်၊ပုဗ္ဗာရုံကျောင်း မိဂါရမာတာရဲ့ ပြာသာဒ်ဆောင်မှာ သီတင်းသုံးနေတယ်။ အခုလို သီတင်းကျွတ်လပြည့်နေ့ကြီးမှာ မြတ်စွာဘုရားဟာ မိဂါရမာတုပါသာဒ မှ အောက်ဆင်းပြီး ကျယ်ဝန်းတဲ့ လွင်ပြင်ကြီးမှာ ထိုင်တယ်။ ရဟန်းသံဃာ ၅၀၀ ကလည်း မြတ်စွာဘုရားကို ခြံရံပြီးတော့ ဘုရားအနီးမှာ ထိုင်နေကြတယ်။

အဲဒီအချိန်ဟာ အခုလို သီတင်းကျွတ်လပြည့်နေ့ရဲ့ အချိန်လေးတစ်ခုပဲ ဖြစ်တယ်။ အဲဒီလို ထိုင်နေတဲ့အခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က သံဃာ့ပရိသတ်ကို မိန့်ကြားတော်မူတယ်။ "ဟန္ဒဒါနိ ဘိက္ခဝေ၊ ပဝါရေမိဝေါ။" ရဟန်းတို့ အခုသင်တို့ကို ငါဖိတ်ကြားပါတယ်။ "န စ မေ ကိဉ္စိ ဂရဟထ ကာယိကံ ဝါ ဝါစသိကံဝါ" "ငါ့မှာ ကာယကံမှု ဝစီကံမှုများ ပြစ်တင်စရာများ ရှိကြသလား၊"

(ပြစ်တင်စရာ မရှိဘူးလား၊ ပြစ်တင်စရာရှိရင် ပြောကြပါလို့ဆိုတဲ့ အဓိပ္ပါယ်၊) ကာယကံမှု ဝစီကံမှု ပတ်သက်ပြီးတော့ ပြစ်တင်စရာများ ရှိလို့ရှိရင် ပြောနိုင်တယ်လို့ မြတ်စွာဘုရားက ဖိတ်ကြားတာ၊ ဒါဘုရား ပဝါရဏာပြုတာပဲပေါ့။

ငါကသာ သတိပေးရမယ်။ ငါ့တပည့်တွေက ငါ့ကို သတိပေးစရာမလိုဘူးလို့ ဒီလိုမြတ်စွာဘုရားရဲ့ စိတ်ဓာတ်ထဲမှာ မရှိဘူးဆိုတာ အင်မတန်မှ ထင်ရှားတယ်။ သို့သော် မြတ်စွာဘုရားရဲ့အပြစ်ကို ထောက်ပြနိုင်တဲ့ ပုဂ္ဂိုလ်ရှိလားဆိုတော့ မရှိဘူး။ ဘာလို့မရှိတုန်း။ အပြစ်မှမရှိတာ။

အပြစ်ရှိလို့ ပြောခိုင်းတာ မဟုတ်ဘူး။ ဒိဋ္ဌာနုဂတိလို့ခေါ်တဲ့ ကောင်းတဲ့ အစဉ်အလာတွေကို လိုက်နာကျင့်သုံးပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာ ဖြစ်တယ်။ စိတ်ဓာတ်ရေးဟာ

အင်မတန်မှ ကွာခြားတယ်။ ယနေ့ခေတ်မှာ လူကြီး ဖြစ်သွားပြီဆိုရင် "ငါ့ကို လာမပြောနဲ့၊ ငါပြောတာပဲ လုပ်"ဆိုတဲ့ အဆင့်မျိုးကို ရောက်သွားကြတယ်။ သူက အပြောခံတာ မဟုတ်တော့ဘူး။ သူပြောတာပဲ လိုက်နာ။ အဲဒီလို အဓိပ္ပါယ်မျိုးရောက်တယ်။

မြတ်စွာဘုရားက ကိုယ်မှုနှုတ်မှုနဲ့ ပတ်သက်ပြီး ငါ့မှာ ကဲ့ရဲ့စရာတွေများ ရှိသလား။ ရှိရင်ပြောကြလို့ ဆိုတဲ့အဓိပ္ပါယ်ပဲ။ အဲဒီလို မြတ်စွာဘုရားကိုယ်တိုင်က သံဃာ ၅၀၀ ကြားမှာ ပွင့်ပွင့်လင်းလင်း အခုလို ဖိတ်ကြားတယ်။ တကယ်တော့ မြတ်စွာဘုရားမှာ ကိုယ်မှုကလည်း အင်မတန်မှ စင်ကြယ်တယ်။ နှုတ်မှု ကလည်း အင်မတန်မှ စင်ကြယ်တယ်။ စိတ်ကြံစည် တွေးတောမှုတွေကလည်း အလွန် သန့်ရှင်းစင်ကြယ် တယ်၊ အပြစ်မရှိဘူး။

ဘဝမှာ ခန္ဓာကိုယ်ရထားလို့ရှိရင် အဲဒီ ခန္ဓာကိုယ် အသက်ရှည်ဖို့အတွက် အသက်မွေးဝမ်းကျောင်းဆိုတာရှိရမယ်။ အဲဒီ အသက်မွေးဝမ်းကျောင်းမှုနဲ့ ပတ်သက်လည်းပဲ မြတ်စွာဘုရားမှာ "ပရိသုဒ္ဓါဇီဝ" လုံးဝစင်ကြယ်တဲ့ အသက်မွေးမှုရှိတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဘယ်သူ့ဆီကမှ ထောက်ခံချက် ယူစရာမလိုဘူး။ ကာယကံနဲ့ ပတ်သက်ပြီးတော့လည်း အပြစ် တစ်စုံတစ်ရာ မရှိဘူး။ ဝစီကံ နှုတ်အပြောနဲ့ ပတ်သက်၍လည်း အပြစ်တစ်စုံတစ်ရာ မရှိဘူး။ ကာယကံ ဝစီကံမရှိဘူးဆိုတာတင် မကဘူး။ စိတ်ထဲက ကြံတွေးမှုနဲ့ ပတ်သက်၍လည်း အပြစ်တစ်စုံတစ်ရာ မရှိဘူး။ အဲဒါတွေနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက သူများဆီမှ ထောက်ခံမှုကို လိုအပ်တာ မဟုတ်ပါဘူး။

သို့သော် အစဉ်လာကောင်းတစ်ခု လိုက်နာကျင့်သုံးစေဖို့အတွက် ဘုရားကိုယ်တိုင် စံပြအနေနဲ့ "ငါ့မှာ ကိုယ်မှုနှုတ်မှုနဲ့ ပတ်သက်ပြီး အပြစ်တင်စရာများရှိရင် ပြောကြ"လို့ ဒီလိုရဟန်းတွေရဲ့ကြားမှာ ပဝါရဏာပြုတဲ့အနေနဲ့ ဖိတ်ကြားခဲ့တယ်။ ဒါက အင်မတန်မှ ရဲရင့်တဲ့စကားလို့ ဒီလိုပြောရမယ်။ တခြားဘာသာရေး ခေါင်းဆောင်တွေ ဒီလို မလုပ်ရဲဘူး။ ဒီလိုလုပ်တာနဲ့ ပရိသတ်ထဲက ဟိုကလက်ညှိုးထထိုး၊ ဒီက လက်ညှိုးထထိုးတွေမှ ဖြစ်နေမှာဘဲ။

မြတ်စွာဘုရားနဲ့ ခေတ်ပြိုင်ဘာသာရေး ဆရာကြီးတွေ ၆-ဦးတောင် ရှိတယ်။ အဲဒီ (၆)ဦးလုံးဟာ သူ့လူတွေ သူ့တပည့်တွေကို သူတို့မနိုင်ကြဘူး။ သူ့တပည့်တွေကလည်း သူတို့ကို ကျေနပ်ကြတာ မဟုတ်ဘူး။

တစ်ခါတုန်းက ပုရာဏကဿပက တရားဟောနေတယ်။ တပည့်တစ်ဦးက ထပြီးကန့်ကွက်သတဲ့။ "ကိုယ်တော်ဟောတာ မှားတယ်။ အဲဒါအဲဒီလိုမဟုတ်ဘူး" ဆိုပြီး ထကန့်ကွက်တယ်။ ကန့်ကွက်တဲ့အခါ ပုရာဏကဿပ ပြောတယ်။ "ငါပြောတာ နားထောင်ဦး။ ငါပြောနေတုန်းဝင်မပြောနဲ့"လို့ ပြောတာလည်း မရဘူးတဲ့။ သူ့ပရိသတ် သူမထိန်းနိုင်ဘူး။ ပိဋကတ်ထဲမှာဒီအကြောင်း မှတ်တမ်းတင်ထားတာ ရှိတယ်။ ထို့အတူပဲ မာက္ခလိဂေါသာလတို့ သဉ္စယဗေလဋ္ဌပုတ္တတို့ ပကုဓကစ္စာယနတို့၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဋပုတ္တဆိုတဲ့ ဆရာကြီးတွေလည်း ဒီအဖြစ်မျိုးတွေ ကြုံကြရတယ်။

မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေဟာ တုတ်တုတ်မလှုပ်ကြဘူး။ ဘုရားတရားဟောနေတုန်း

ချောင်းကလေးဟန့်မိတာနဲ့ အနားက ကိုယ်တော်က တတောင်နဲ့တွက်ပြီး သတိပေးတာခံရတယ်။ "ဘုရား တရားဟောနေတယ်။ အသံ မထွက်ပါစေနဲ့"။ ဒီလို သတိပေးတာတောင် ရှိတယ်။ အချင်းချင်းဟာ အင်မတန်မှ ညီညွတ်ပြီး ဘုရားရှေ့မှာဆိုရင် အင်မတန်မှ တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်ကြတာ ဖြစ်တယ်။ ဒါကြောင့်မို့ "တပည့်တွေရဲ့ မြတ်နိုးမှုကို အရဆုံး ဘာသာရေးခေါင်းဆောင်ဟာ ဘယ်သူလဲ" လို့ ဆွေးနွေးမေးကြတဲ့ အခါမှာ သမဏ ဂေါတမ တစ်ပါးသာလျှင် ရှိတယ်။ ကျန်တဲ့ဆရာကြီးတွေက သူတို့တပည့် သူတို့ မနိုင်ကြဘူးတဲ့။

မြတ်စွာဘုရားက တပည့်တွေကို နိုင်တယ်လို့ ဆိုတာ ကိုယ်တိုင်ကလည်း ယဉ်ကျေးတယ်။ တပည့်တွေကလည်း ယဉ်ကျေးတယ်။ ကိုယ်တိုင်ကလည်း ငြိမ်သက်အေးချမ်းတယ်။ တပည့်တွေကလည်း

ငြိမ်သက်အေးချမ်းတယ်။ တကယ့်အနှစ်သာရ ပိုင်းမှာ ပြည့်စုံနေတာ ဖြစ်သောကြောင့် အင်မတန်မှ ငြိမ်းချမ်းတယ်။

အဲဒီလို အခြေအနေမျိုးမှာတောင် မြတ်စွာဘုရားက "ဟန္ဒဒါနိ ဘိက္ခဝေ ပဝါရေမိ ဝေါ" ရဟန်းတို့ အခုငါ သင်တို့ကို ဖိတ်ခေါ်တယ်။ ငါ့မှာ ကဲ့ရဲ့စရာ ကိုယ်မှု နှုတ်မှုများရှိရင် ပြောကြ၊ ပြောနိုင်ပါတယ်လို့ မြတ်စွာဘုရားက ဒီလိုဖိတ်ခေါ်လိုက်တယ်။

အဲဒီလိုဖိတ်ခေါ်လိုက်တဲ့အခါ သံဃာ့ပရိသတ်ထဲမှာ အကြီးအကဲအနေနဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်က တရိုတသေ လက်ကန်တော့ထိုးလို့ မြတ်စွာဘုရားရှေ့မှာ ဆောင့်ကြောင့်ထိုင်ပြီး ပြန်လျှောက်တယ်။ "န ခေါ မယံ ဘန္တေ ဘဂဝတော ကိဉ္စိ ဂရဟာမ" "အရှင်ဘုရား တပည့်တော်တို့ ဘုရားအပေါ်မှာ ကိုယ်မှု နှုတ်မှုနဲ့ ပတ်သက်ပြီး ကဲ့ရဲ့စရာ တစ်ခုမှ မရှိပါဘူး။"

မြတ်စွာဘုရားနဲ့ ပတ်သက်ပြီး လုံးဝကျေနပ်ပါတယ်။ ဘာကြောင့်လဲလို့ဆိုရင် "ရှင်တော်မြတ်ဘုရားဟာ ဒီလမ်းစဉ်ကို ရှေ့ဦးစွာတီထွင်ပြီး ချမှတ်ပေးတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းကြီး စတင်ပြီး တီထွင်ဟောကြားတဲ့ ပုဂ္ဂိုလ်လည်းဖြစ်တယ်။ အခု တပည့်တော်တို့ဆိုတာ မြတ်စွာဘုရား ချမှတ်ထားတဲ့ လမ်းကြောင်းအတိုင်း လိုက်ပြီး နိဗ္ဗာန်ကို တွေ့ကြုံရတာဖြစ်လို့ တပည့်တော်တို့အနေနဲ့ မြတ်စွာဘုရားအပေါ်မှာ အပြစ်တစုံတရာ မမြင်ကြပါဘူး"လို့ ရှင်သာရိပုတ္တရာက ပြန်လျှောက်တယ်။

တပည့်သာဝကဆိုတာ မြတ်စွာဘုရား ချမှတ်ထားတဲ့ လမ်းကြောင်းအတိုင်း လိုက်ကြရတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ မြတ်စွာဘုရားအပေါ်မှာ ကဲ့ရဲ့စရာ တစုံတခုမှ မရှိပါဘူးလို့ လျှောက်ထားပြီး ရှင်သာရိ

ပုတ္တရာက ဘာလျှောက်ပြန်တုန်းဆိုရင်“အရှင်ဘုရား တပည့်တော်အပေါ်မြတ်စွာဘုရားအနေနဲ့ ပြောစရာ ကိုယ်မှုနှုတ်မှုနဲ့ ပတ်သက်ပြီး ကဲ့ရဲ့စရာများ ရှိပါသလားဘုရား။ တပည့်တော် ဖိတ်ကြားပါတယ်။ မြတ်စွာဘုရား မိန့်ကြားတော်မူပါ”ဆို မြတ်စွာဘုရား က “သာရိပုတ္တရာ သင့်ပေါ်မှာလည်း ငါဘာမှ ပြောစရာမရှိပါဘူး။ သင်ဟာ ငါ့တပည့်တွေထဲမှာ အင်မတန်မှ ကြီးမားတဲ့ ပညာရှိတယ်။ ကျယ်ပြန့်တဲ့ ပညာရှိတယ်။ ရွှင်လန်းတက်ကြွတဲ့ ပညာရှိတယ်။ ထိုးထွင်းသိနိုင်တဲ့ ပညာရှိတယ်။ ငါဘုရားဟောသမျှ တရားတွေကို နောက်ကနေလိုက်ပြီး ပြည့်ပြည့်စုံစုံ ဟောကြားနိုင်တာ သင်တစ်ဦးတည်းပဲ။ ဒါကြောင့် ငါ့တပည့်အပေါ်မှာ အပြစ်တစ်စုံတစ်ရာ မရှိပါဘူး” လို့ မိန့်တယ်။

ဘုရားကိုယ်တိုင်က ဘာမှပြောစရာ မရှိပါဘူး လို့ဆိုတော့ ရှင်သာရိပုတ္တရာက "အဲဒီလိုဆိုရင် ဟောဒီရဟန်း ၅၀၀ ပေါ်မှာရော အပြစ်တင်စရာ ရှိပါသလား၊ တပည့်တော် သူတို့ကိုယ်စား ဖိတ်ကြား အပ်ပါတယ်"တဲ့။

မြတ်စွာဘုရားက "မရှိပါဘူး။ ဒီထဲမယ် အပါး (၆၀)က တေဝိဇ္ဇ(၃)ပါး ရရှိထားတဲ့ တကယ့်ရဟန္တာ ပုဂ္ဂိုလ်တွေဖြစ်တယ်။ နောက်ထပ် အပါး(၆၀)က ဆဠာဘိညာ၊ နောက် အပါး(၆၀)က ဥဘတောဘာဂ ဝိမုတ္တ၊ နှစ်ဖက်အစုံမှ ကိလေသာကင်းတဲ့ ပုဂ္ဂိုလ်ထူး တွေဖြစ်တယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ပညာ ဝိမုတ္တပုဂ္ဂိုလ်တွေ ဖြစ်တယ်။ အဲဒီတော့ ရဟန်း ၅၀၀ လုံး တကယ့်ရဟန္တာတွေကြီးပဲ ဆိုတော့ အပြစ်ပြော စရာ မရှိဘူးလို့ မြတ်စွာဘုရား အတည်ပြု ပြန်ကြား ပေးလိုက်တယ်။

ဘယ်လောက် ယဉ်ကျေးတုန်း။ ဘာမှ အပြစ်မရှိတာတောင်မှဘဲ အပြစ်ရှိရင် ပြောကြပါလို့ ဒီလိုဖွင့်ဟပေးနိုင်တဲ့စိတ်သဘောထားဟာ ဘယ်လောက်ကြီးမြတ်သလဲဆိုတာ စဉ်းစားကြည့်။ လောကလူတွေက ကိုယ့်မာနကို ကိုယ်မချိုးနိုင်ကြဘူး။ ရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်မျိုးတွေဟာ မာနဆိုတာ လုံးဝမရှိတဲ့ပုဂ္ဂိုလ်မျိုးတွေ။ တောင်းပန်စရာရှိရင် သူကအရင်တောင်းပန်တယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ (၇)နှစ်အရွယ် ကိုရင်လေးတစ်ပါးက ရှင်သာရိပုတ္တရာရဲ့သင်္ကန်းစလေး နောက်မှာ လျှောကျပြီး မညီမညာဖြစ်နေတာကို ထောက်ပြပြီး "အရှင်ဘုရား သင်္ကန်းလျှောကျနေပါတယ်"လို့ ပြောတဲ့အခါ တရိုတသေတလေးတစား သင်္ကန်းကို ပြင်ဆင်ဝတ်ပြီးတော့မှ ရှင်သာရိပုတ္တရာက "သင့်လျော်ပါပြီလား"လို့ တလေး

တစား ပြောတယ်။ အခုချိန်မှာ ဆိုလို့ရှိရင် ပြောလိုက်မယ်။ ခဏခဏ ကြားရတဲ့စကားက "လျှာမရှည်နဲ့" ဆိုတဲ့ စကားပဲ။ လျှာမရှည်နဲ့ဆိုတဲ့ စကားကတော့ တွင်တွင်သုံးတာ။ အဲဒီမှာ ရှင်သာရိပုတ္တရာက အဲဒီလိုစကားမျိုး မပြောတဲ့အပြင် "တဒဟုပဗ္ဗဇိတော သန္တော၊ ဇာတိယာ သတ္တ ဝဿိကော" မွေးဖွားလို့ (၇)နှစ်ပဲ ရှိသေးတယ်။ ကိုရင်ဝတ်တာလည်း ဒီနေ့မှ ဝတ်တာ။ အဲဒီကိုရင်လေးက အပြစ်ထောက်ပြပြီး ပြောတယ်ဆိုရင် ဦးထိပ်ရွက်ပန်ဆင်ပါမယ်"လို့ ပြောတယ်။ ဒါကလည်း အင်မတန်မှ ပညာကြီးတဲ့ ပုဂ္ဂိုလ်၊ဘာမာနမှမရှိတဲ့ ပုဂ္ဂိုလ်သူမြတ်ကြီးတွေရဲ့ စိတ်နေသဘောထားဟာ ကြီးမြတ်လှပါတယ်။ ဘုန်းကြီးတို့တတွေ အတုယူကြရမှာ ဖြစ်တယ်။ ဒီလောက်ကြီးမားတဲ့ ပညာရှိတဲ့ ပုဂ္ဂိုလ်မြတ်ကြီး တောင်မှဘဲ အခုလို စိတ်နေသဘောထားတွေ

ထားနိုင်တယ်ဆိုရင် ငါတို့ဘာလို့ မထားနိုင်ရမှာလဲ။ ဒို့ကြိုးစားပြီး ထားကြရမယ်။ ဒို့မှာရှိတဲ့ဂုဏ်က ဘာမှ ပြောလောက်တာလဲ မဟုတ်ဘူး။ အံ့သြလောက်တာ လည်း မဟုတ်ဘူး။ အခု မြတ်စွာဘုရားလို ပုဂ္ဂိုလ်မျိုး ကတောင်မှ တပည့်သာဝကတွေဘက် လှည့်ပြီး ပြောစရာရှိရင် ပြောကြလို့ ဖိတ်ကြားတဲ့ စကားကို ပြောနိုင်သေးတာပဲ။ ဒို့က ဘာလို့ မပြောနိုင်ရမှာ လဲလို့ ကိုယ့်ကိုယ်ကို ဆုံးမကြရမှာဖြစ်တယ်။

အဲဒီတော့ ရှင်သာရိပုတ္တရာမထေရ်မြတ်က "ဒီရဟန်းတွေအပေါ်မှာ အပြစ်ရှိသလား၊ အပြစ် ရှိရင် မိန့်တော်မူပါ" မေးတဲ့အခါ မြတ်စွာဘုရားက မရှိဘူးတဲ့၊ ရဟန်းအားလုံးဟာ အပါး(၆၀)က တေဝိဇ္ဇ ပတ္တရဟန္တာတွေ၊ နောက် အပါး(၆၀)က ဆဠာဘိညာ၊ အဘိညာဉ် (၆)ပါးရတဲ့ ဂုဏ်ထူးဝိသေသနနဲ့ ရဟန္တာ ဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေ၊ နောက်အပါး(၆၀)က ဥဘတော

ဘာဂဝိမုတ္တ၊ (အရူပသမာပတ်နဲ့ ရူပကာယမှ လွတ်မြောက်တယ်။ အရဟတ္တမဂ်နဲ့ နာမကာယမှ လွတ်မြောက်တယ်လို့ ဆိုတော့ နှစ်ဖက်ကနေ လွတ်မြောက်တာ။) ဘက်စုံ လွတ်မြောက်မှုရှိတဲ့ ပုဂ္ဂိုလ်တွေ။ အဲဒီလို ထူးခြားတဲ့ တပည့်သာဝကတွေ ဖြစ်လို့ ပြောစရာတစ်ခု မရှိဘူးလို့ မြတ်စွာဘုရားက အခုလိုပြန်ကြားတယ်။ အဲဒါ ပဝါရဏာသုတ္တန်မှာ လာတဲ့စကားရပ်တွေပဲ ဖြစ်တယ်။

အဲဒီမှာ ပရိသတ်တွေထဲမှာပါနေတဲ့ ရှင်ဝင်္ဂီသ ဆိုတဲ့ ရဟန်းက ဝမ်းသာအားရဖြစ်ပြီး မြတ်စွာဘုရားကို လျှောက်တယ်။ "အခုအတွေ့အကြုံလေးတစ်ခုကို တပည့်တော် ကဗျာသီကုံးပြီး ဂါထာဗန္ဓနဲ့ ချီးမွမ်းစကား ပြောချင်ပါတယ်ဘုရား။ သူ့ဉာဏ်ထဲမှာပြောဖို့ ပေါ်လာတယ်"ဆိုတော့ မြတ်စွာဘုရားက ပြောခွင့် ပေးလိုက်တယ်။

ရှင်ဝဏ္ဏိသဆိုတာ ရတ်ချည်းကဗျာဆိုနိုင်တယ်။ မြန်မာလူမျိုးတွေထဲမှာလည်း ရှေးက စာဆိုတော်ကြီးတွေဟာ ရတ်ချည်းကဗျာစပ်ကြတယ်။ ထူးခြားတဲ့အနေအထားမျိုးတွေ ရှိတယ်။ ရှင်ဝဏ္ဏိသဟာလည်း ပဋိဘာနအရာမှာ စိတ်ကူးကောင်းတဲ့အရာမှာ သူက ထူးချွန်တယ်။ ဝဏ္ဏိသဆိုတဲ့ နာမည်ကို ဘာကြောင့်ခေါ်သလဲဆိုရင်-

"ဝင်္ဂေ ဇာတောတိ ဝဏ္ဏိသော၊ ဝစနေ ဣသရောတိ ဝါ၊" ဆိုတဲ့အတိုင်း ဝင်္ဂတိုင်းမှာ မွေးဖွားသောကြောင့်လည်း ဝဏ္ဏိသလို့ခေါ်တယ်။ တစ်နည်းကတော့ စကားအရာမှာ အစိုးရလို့ သူသုံးချင်တဲ့ စကားလုံးတွေဟာ ချက်ခြင်းသုံးနိုင်တယ်။ ကဗျာစကားတွေ အသုံးပြုနိုင်တယ်။ ဒါကြောင့်မို့လို့ ဝဏ္ဏိသ၊ ဒီလိုအဓိပ္ပါယ်နဲ့ "ဝါဂီသ"ဆိုတဲ့ စကားလုံးအနေနဲ့ ထည့်သုံးလေ့ရှိတယ်။ "ဝါဂီသ" ဆိုတာ

"ဝါစာယ ဣဿရော ဝါဂီသော" စကားလုံးကို အစိုးရတယ် ပိုင်နိုင်တယ်ပေါ့။ သူသုံးချင်တဲ့ စကားလုံးလေးတွေကို ရုတ်ချည်းသုံးနိုင်တယ်။ အဲဒီလို ထူးချွန်ပြောင်မြောက်တဲ့ ပုဂ္ဂိုလ်က မြတ်စွာဘုရားနဲ့ တပည့်သာဝကတွေ သူ့စိတ်ထဲမှာ ကြည်ညိုနူးလွန်းလို့ သူက မြတ်စွာဘုရားကို သူကဗျာ ရွတ်ဆိုပါရစေဆိုပြီးတော့ လျှောက်ထားခဲ့တာ။

အဲဒီမှာ သူလျှောက်ထားတာ လေးငါးဂါထာလောက် ရှိတယ်။ ဒီမှာတော့ နှစ်ဂါထာလောက်ပဲ ပြောပါ့မယ်။

"အဇ္ဇ ပန္နရသေ ဝိသုဒ္ဓိယာ၊
ဘိက္ခူ ပဉ္စသတာ သမာဂတာ၊
သံယောဇနေ ဗန္ဓနစ္ဆိဒါ၊
အနီဃာ ခီဏ ပုနဗ္ဘဝါ ဣသီ"

အခုရဟန္တာပုဂ္ဂိုလ်တွေဆိုတာ ခီဏ ပုနဗ္ဘဝ တစ်ဖန် ဖြစ်ဖို့ဆိုတာ တစ်ဖန်ဖြစ်စေလတ္တံ့ ဘဝမှာ နောက်ထပ် ပြန်မွေးစေတတ်တဲ့ ကိလေသာတွေ သူတို့မှာ ကုန်သွားပြီး။ ဆင်းရဲဒုက္ခတွေလည်း လုံးဝ ကင်းသွားတယ်။ သံယောဇဉ် ကြိုးတွေကိုလည်း တစ်စမကျန်ပြတ်ပြီးတဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်တယ်။ တကယ်စင်ကြယ်တဲ့ အနေနဲ့ အခုလိုလပြည့်နေ့မှာ ဆုံစည်းကြတာ ဖြစ်ပါတယ်လို့ စိတ်ထဲမှာ ကြည်နူး အားရစွာ မြတ်စွာဘုရားကို လျှောက်ထားခဲ့တာ။

နောက် သူလျှောက်ထားတဲ့ စကားက

"သဗ္ဗေ ဘဂဝတော ပုတ္တာ၊
ပလာပေတ္ထ န ဝိဇ္ဇတိ"

အခု မြတ်စွာဘုရားရဲ့ တပည့်သားတွေ ချည်းပဲ။ အဖျင်းဆိုတာ တစ်ယောက်မှ မပါဘူးတဲ့။ အနှစ်တွေချည်းပဲ။ ဒီလိုပြောတာ။ အဖျင်းတွေ

အမှိုက်တွေ မပါဘူး။ ဒီရဟန္တာငါးရာဟာ အားလုံး အနှစ်တွေပြည့်နေတဲ့ ပုဂ္ဂိုလ်တွေ ချည်းပါပဲလို့၊

ပလာပတ္တ န ဝိဇ္ဇတိ၊ ပလာပ-ဆိုတာ အနှစ် မရှိတဲ့ ပုဂ္ဂိုလ်မျိုးတွေကို ပလာပလို့ ခေါ်တယ်။ အဲဒီ ပလာပဆိုတဲ့ အနှစ်မရှိတဲ့ ပုဂ္ဂိုလ်တွေ တစ်ဦးမှ မရှိဘူးတဲ့။

"တဏှာ သလ္လဿ ဟန္တာရံ၊
ဝန္ဒေ အာဒိစ္စ ဗန္ဓုနံ"

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကလည်း ရင်ထဲက တဏှာဆိုတဲ့ မြား ငြောင့်ကြီးကို ဖယ်ရှားပြီးသား ဖြစ်တယ်။

ဘုန်းကြီးတို့တတွေရဲ့ ရင်ထဲမှာ တဏှာမြားတံ စူးနေတာ၊ ဒီဆူးငြောင့်ကြီး စူးလို့ သွားမထိလိုက်နဲ့ သောကဖြစ်လာတယ်။ လောကလူတွေဟာ သောကနဲ့ နေကြတာ။ ဘာဖြစ်လို့ သောကနဲ့

နေရသလဲဆိုရင် တွယ်တာမှုတွေနဲ့ နေလို့ပဲ။ အဲဒီ တွယ်တာမှုဟာ ကိုယ့်ရင်ထဲမှာ စူးဝင်နေတဲ့ မြှားညှောင့်ကြီးလိုပဲ။ ဆူးစူးနေလို့ရှိရင် သွားမထိနဲ့။ ထိရင်နာတာပဲလေ။ အဲဒါလိုပဲ။ တဏှာတည်း ဟူသော မြှားညှောင့်ကြီး ရင်ထဲ စူးဝင်နေတဲ့ ပုဂ္ဂိုလ် တွေဟာ ဘာလေး ဖြစ်လိုက်ဖြစ်လိုက် စိုးရိမ်တာ၊ ပူဆွေးတာ ဒါတွေ လာကုန်တယ်။

ရှေးတုန်းက မြှားနဲ့ပစ်တာကိုး၊ မြှားနဲ့ပစ်တာ ဆိုတော့ လူရဲ့ခန္ဓာကိုယ်ထဲ မြှားစူးဝင်သွားရင် ခွဲစိတ်ပြီးမှ ထုတ်လို့ရတယ်။ ဒီအတိုင်း ထုတ်လို့ရှိရင် မြှားနားရွက်တွေနဲ့ ငြိပြီး ထုတ်မရဘူး။ ငါးမျှားတံလိုပဲ လေ ပြန်ထုတ်လို့ရတာ မဟုတ်ဘူး။ အဲဒီလောက် ထုတ်ပယ်ဖြစ်ဖို့ ဆွဲထုတ်ဖို့ခက်ခဲလှတဲ့ မြှားညှောင့်ကြီး စူးနေသလိုပဲ လူတွေရဲ့ရင်ထဲ တဏှာဆိုတဲ့ တွယ်တာ မှု မြှားညှောင့်က စူးဝင်နေတယ်။ မြတ်စွာဘုရား

ကတော့ အဲဒီ စူးဝင်နေတဲ့ မြှားညှောင့် နုတ်ပြီးနေပြီ။ အဲဒီလို ပုဂ္ဂိုလ်မျိုးဖြစ်တဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို တလေးတစား သူဦးခိုက်ပါ တယ်။ ရှိခိုးပါတယ်လို့ ရှင်ဝင်္ဂီသက အဲဒီရှုခင်းကို ကြည့်ပြီးတော့ ဝမ်းသာလွန်းလို့ ဒီစကားတွေကို လျှောက်ခဲ့တာ။ ပဝါရဏာသုတ္တန် မြန်မာပြန်ကကို ဖတ်ကြည့်ကြပေါ့။ ဖတ်ကြည့်တဲ့အခါ ဓမ္မရသဆိုတာ ခံစားပြီးကြည့်၊ ဘယ်လောက်ယဉ်ကျေးတဲ့ ပရိသတ် လဲ။ ဘယ်လောက်ပွင့်လင်းတဲ့ ဆရာတပည့်လည်း ဆိုတာ သိရမယ်။ အင်မတန်မှ ပွင့်လင်းတယ်။ မာန်မာနတွေ ကင်းကြတယ်။

မြတ်စွာဘုရား အပါဝင် သံဃာတွေဟာ အခုလို အပြန်အလှန် စကားပြောကြတယ်။ အပြန် အလှန် လေးစားသမှုကို ပြုကြတဲ့ဟာလည်းပဲ ဒီသီတင်းကျွတ်နေ့ပဲ မှတ်ထား။ ဒီသီတင်းကျွတ်

လပြည့်နေ့ဟာ ထူးခြားခဲ့တယ်။ လွန်ခဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က ဒီအဖြစ်ပျက်တွေဟာ တခါတည်း ဖြစ်ပျက်လာခဲ့ဖူးတယ်။

ဒီကနေ့ မြတ်စွာဘုရားရဲ့ တပည့်သာဝက တွေ အဆက်ဆက် ဗုဒ္ဓရဲ့သာသနာတော်ကို သယ်ဆောင်လာလို့ ဒီကနေ့ခေတ် ရောက်လာကြပြီ။ ဒီကနေ့ခေတ်မှာရော အခုလို ဝါတွင်းကာလကုန်ဆုံး တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ သံဃာတွေ အချင်းချင်း ဖိတ်ကြားတဲ့စကားကို ပြောရမယ်။ မပြောဘဲ မနေရဘူး ပြောဖို့ မြတ်စွာဘုရားက ဥပဒေတစ်ခု ပညတ်ထားတယ်။ ဘာဖြစ်လို့ ဥပဒေ ပညတ်ရတုန်းဆိုတော့ သာသနာတော် ရှေ့ပိုင်းမှာ သာသနာဘောင်ဝင်လာတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ့် ကို အနှစ်သာရပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေများတယ်။ တစ်ချို့ သာသနာဘောင် မဝင်ကတည်းက ရဟန္တာ

ဖြစ်လာကြတာ။ ရဟန္တာ ဖြစ်တယ်။ သောတာပန် ဖြစ်လာတယ်။ တကယ့်ကို အရိယာသူတော်စင် ဖြစ်ပြီးမှ ရဟန်းဝတ်ကြတာ များတယ်။

ဓမ္မစကြာတရား ဟောပြီးတဲ့ အချိန်လေးမှာ ပဉ္စဝဂ္ဂီငါးဦးထဲက ရှင်ကောဏ္ဍညဟာ ရသေ့ကြီး တစ်ဦးပဲ။ သောတာပန်ဖြစ်သွားတဲ့ အခါမှာ မြတ်စွာဘုရားရဲ့ တပည့် ရှင်ရဟန်းပြုခွင့် တောင်းဆို တာ သူတစ်ဦးတည်းပဲ။ ကျန်တဲ့ ပဉ္စဝဂ္ဂီတွေက မတောင်းဘူး။ ရသေ့ပုံနဲ့ နေကြသေးတာ။ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒံ" သူ့ကို ရှင်ပြုခွင့် ရှင်ရဟန်း အဖြစ်ကို မြတ်စွာဘုရားအနေနဲ့ ခွင့်ပြုပေးပါ ရချင်ပါတယ်။ ဘုရားရဲ့တပည့် ဖြစ်ချင်ပါတယ်။ အဲဒီ အခါမှ မြတ်စွာဘုရားက "ဧဟိဘိက္ခု" ခေါ်တာ။ မြတ်စွာဘုရားက လက်တော်ကို ဆန့်တန်းပြီး

ဖိတ်ခေါ်လိုက်တဲ့ စကားပေါ့။ “ဟေ့ဘိက္ခု လာခဲ့ရဟန်း။” ဒီစကားလုံးလေးက အင်မတန်မှ ထိရောက်တယ်။ မြတ်စွာဘုရားက ဘာဆက်မိန့်တုန်းဆိုတော့ သွာက္ခာတော မမွော၊ ဟောထားတဲ့တရားဟာ လုံးဝမှန်ကန်တယ်။ လွဲလွဲမှားမှား ဟောတာတစ်ခုမှမရှိဘူး။ အာမခံချက် ပေးထားတာ။ ခုခေတ်ဆို ဂရန်တီပေါ့။ ဘုရား ဂရန်တီပေးလိုက်တာဘာတုန်းဆို ငါဟောတဲ့တရား အလွဲအမှား တစ်ခုမှမရှိဘူး။ လုပ်ကြည့် မင်းသေချာသိလိမ့်မယ်။ ဘာဖြစ်လို့တုန်းဆို ဘုရားက သူဟောသမျှ တရားတွေဟာ “သယံ အဘိညာ အစ္ဆိကတွာ ပဝေဒေတိ” သူကိုယ်တိုင်သိပြီး လက်တွေ့ကျင့်သုံးပြီးမှ ဟောတာကိုး။ အစဉ်အလာဆိုတဲ့ Tradition တွေကို ဟောနေတာ မဟုတ်ဘူး။ hear say ဆိုတဲ့ သူပြောငါပြောပြောတာတွေကို ကြားပြီးတော့ ဟောတာမဟုတ်ဘူး။

စာအုပ်ဖတ်ပြီးတော့လည်း ဟောတာမဟုတ်ဘူး။ သူကိုယ်တိုင်သိတဲ့ အသိကို သူကိုယ်တိုင်ပဲ ကျင့်သုံးလိုက်နာပြီးမှ ဟောတာ ဖြစ်သောကြောင့် မြတ်စွာဘုရားက ရဲရဲဝံ့ဝံ့ကြီး ပြောရဲတယ်။ **သွာက္ခာတော** ငါဟောတာ အလွဲအမှား မရှိဘူး။ ဒါ ဂရမ်တီပေးလိုက်တာ။ သာသနာတော် ဝင်ရောက်တယ်ဆိုတာ ဒီအတိုင်းနေရတာ မဟုတ်ဘူး။ အလုပ်လုပ်ရတယ်။ ဘာအလုပ်လုပ်ရမလဲ။ စရ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို ကျင့်ရမည်။ မဂ္ဂင်ရှစ်ပါး၊ သီလနဲ့ ပြည့်စုံအောင် လုပ်ရမယ်။ သမာဓိနဲ့ ပြည့်စုံအောင်လုပ်ရမယ်။ ပညာနဲ့ပြည့်စုံအောင် လုပ်ရမယ်။ ဗြဟ္မစရိယ မြတ်သောအကျင့်လို့ဆိုတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ရမယ်။ ဒါတာဝန် ပေးလိုက်တာပဲ။ ကျင့်။ ဘာအတွက်လဲလို့ ရည်ရွယ်ချက်က **သမ္မာ ဒုက္ခဿ အန္တကိရိယာယ**၊ ဒုက္ခ အဆုံးသတ်ဖို့ပဲလို့ ဒီလိုဆိုလိုတယ်။

ဒါဖြင့် ဒုက္ခဆိုတာ ဘယ်ဟာခေါ်တာလဲလို့ ဆိုတော့ ဘုန်းကြီးတို့တတွေ သိနေတဲ့ဒုက္ခက တစ်မျိုး။ စားစရာ မရှိဘူးဆိုရင်ဒုက္ခပါပဲ။ နက်ဖြန်ခါ အိမ်မှာ ထမင်းချက်စရာမရှိဘူး။ ဒုက္ခပါပဲ။ ဒါတွေကို သာလျှင် ဒုက္ခလို့ထင်တာကိုး။ အိမ်ကဆန်အိုးထဲ ဆန်ရှိတယ်။ ဆီအိုးထဲ ဆီရှိမယ်ဆိုရင် ဒုက္ခလို့ မညည်းတော့ဘူး။ အဲဒါနဲ့ပတ်သက်ပြီး ဒီနေရာမှာ သမ္မာ ဒုက္ခဿ အန္တကိရိယာဃ၊ ဒုက္ခဆိုတာ ဘယ်သူ့ကို ခေါ်တာလဲလို့ဆိုရင် ခန္ဓာငါးပါးကို ခေါ်တာ။ ခန္ဓာငါးပါးဟာ ဒုက္ခပဲ။ အဲဒီခန္ဓာငါးပါး ဆိုတဲ့ ဒုက္ခအဆုံးသတ်ဖို့လို့ ဒီလိုဆိုတယ်။

"ပဉ္စာနံ ခန္ဓာနံ နိရောဓော- ခန္ဓာငါးပါးတွေရဲ့ ချုပ်ငြိမ်းတာဟာ။ နိဗ္ဗာနံ= နိဗ္ဗာန်ပဲ" ဒီလိုဆိုတာ။ ခန္ဓာငါးပါး ချုပ်သွားတာ။ ကောသမ္ဗိ သုတ်မှာ "ဘဝနိရောဓော နိဗ္ဗာနံ- ဘဝချုပ်ငြိမ်းသွားတာ

နိဗ္ဗာန်" ဒီလိုဆိုတယ်။ အဲဒီတော့ ခန္ဓာငါးပါးကို ဒုက္ခလို့ပြောတာ။ အဲဒီခန္ဓာငါးပါး ပြတ်သွားအောင် ဗြဟ္မစရိယကို ကျင့်ပြီးတော့ အကြောင်းတွေကို ပယ်သတ်လိုက်လို့ အကျိုးရပ်သွားတာ ဒါနိဗ္ဗာန်ပဲလို့ ဟောတာ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒီဒုက္ခတွေအားလုံး ကုန်ဆုံးသွားသည့်တိုင်အောင် ကျင့်ရမယ်လို့ ဒါက တာဝန်တစ်ခုကို ပေးလိုက်တာ။ အဲဒီနည်းနဲ့ အရှင်ကောဏ္ဍညကို ရဟန်းခံပေးလိုက်တာပဲ။ ဒါနဲ့ပဲ ရှင်ကောဏ္ဍည တစ်ဦးတည်း ပထမဆုံး သောတာပန်ရဟန်း ဖြစ်သွားတယ်။ ရဟန်းဘဝ ရောက်သွားတယ်။

မြတ်စွာဘုရားဟောကြားတဲ့ တရားတွေဟာ အင်မတန်မှ မှန်ကန်လေးနက်ပြီးတော့ အင်မတန်မှလည်း တိကျတယ်, အကြောင်းနဲ့အကျိုးနဲ့ ဒီလိုဟောထားတာ၊ လမ်းစဉ်နဲ့လုပ်ထုံးနဲ့ ဒါတွေအကုန်

ပြည့်ပြည့်စုံစုံရှိတယ်။ ပြည့်ပြည့်ဝဝရှိလို့ ကြည့်မယ်ဆိုရင် အင်မတန်မှ ကျေနပ်စရာကောင်းတယ်လို့ ဒီလိုပြောရမယ်။

အဲဒီလို သာသနာဘောင် စဝင်လာတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ ဝင်လာတာဆိုတော့ ပြောစရာတစ်ခုမှ မရှိဘူး။ နောက်ပိုင်းရောက်လာတဲ့အခါ ပြောစရာတွေ ပေါ်လာတယ်။ ပဝါရဏာဆိုတဲ့ ဖိတ်ကြားမှု ပဝါရဏာ ယဉ်ကျေးမှု သံဃာ့ပရိသတ်တွေမှာ ဥပဒေတစ်ခု လုပ်ပြီးတော့ မလုပ်မနေရဆိုတာမျိုးဖြစ်အောင် မြတ်စွာဘုရားက ဒီဝိနယဆိုတဲ့ ဥပဒေစည်းကမ်းတစ်ခုကို ထည့်ပေးတယ်။ ဒါကြောင့်မို့ ဒီစည်းကမ်းကို လိုက်နာသောအားဖြင့် ဒီကနေ့ သံဃာတွေဟာ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုကြရတယ်။

ဇာတ်လမ်းက ဘယ်လိုစလာတာတုန်းဆိုရင် ကောသလတိုင်း တစ်နေရာ သွားရောက်ပြီး ရဟန်းတွေ ဝါတွင်းမှာ တရားအားထုတ်ကြတယ်။ သူတို့ ခေါင်းထဲမှာ အတွေးပေါ်လာတယ်။ ဘယ်လိုနည်းနဲ့ ဒို့ညီညွတ်ရေး ရမလဲ။ ဘယ်လိုနည်းနဲ့ တို့ ဆွမ်း၊ ကွမ်း မပင်မပန်းဘဲနဲ့ နေလို့ရမလဲ။ အဲဒီလို စဉ်းစားကြတဲ့အခါ သူတို့ ဘာလုပ်ကြလဲဆိုရင် ဝစီပိတ်ကျင့်ဖို့ ဆုံးဖြတ်ကြတယ်။ ဝစီပိတ်ကျင့်တဲ့ လူတွေလည်း သတိထားသင့်တယ်။ ဝစီပိတ်ဆိုတာကို မူဂဗ္ဗတ လို့ ခေါ်တယ်။ မူဂဆိုတာ စကားမပြောနိုင်တဲ့ အ,အ။ ဆွံ့အနေတဲ့ပုဂ္ဂိုလ်ကို မူဂလို့ခေါ်တယ်။ ဝတဆိုတာ အကျင့်။ မူဂရဲ့ အကျင့်တွေလို့ ဒီလိုပြောတာ။ မြန်မာပြည်မှာလည်း ဝစီပိတ်ကျင့်တယ် ဆိုတာ ရှိတယ်။ မုသာဝါဒ ဝစီတော့ မပြောနဲ့ပေါ့။ မုသာဝါဒပဲ ပိတ်ရမှာဘဲ။ မှန်တာမပြောပဲနေရင် ရသင့်ရထိုက်

တဲ့ အခွင့်အရေးတွေ ဆုံးကုန်မှာပေါ့။ တရားစကား တောင် မပြောရဘူး ဖြစ်မှာပေါ့။ ဝစီပိတ်ဆိုတိုင်း မကောင်းဘူး။ မပြောသင့်တဲ့စကား ပြောသင့်တဲ့ စကားဆိုတာ မြတ်စွာဘုရားကိုယ်တိုင် ခွဲခြား ဟောကြားပြီးသားပဲလေ။ အကောင်းရော အဆိုး ရော နှစ်ခုစလုံး ပိတ်ပစ်ရင် ဘယ်နှယ့်နေမလဲ။ အပြစ်ရှိတဲ့လူရော မပြစ်မရှိတဲ့လူရော ပိတ်ရင် ကျေနပ်ပါ့မလား။ ကျေနပ်စရာ မကောင်းဘူးလေ။ အပြစ်ရှိတဲ့ဟာသာ ပိတ်ရမယ်။ အပြစ်မရှိတာ ပိတ်ရင် ဘယ်သူကျေနပ်မလဲ။ မကျေနပ်ဘူး။

စကားမှာလည်း ထို့အတူပဲ။ ပြောသင့်တဲ့ စကားကို ပြောရမယ်။ မပြောသင့်တဲ့ စကားကိုပိတ်။ ပြောသင့်တာလည်း မပြောဘူး။ မပြောသင့်တာ လည်း မပြောဘူး။ နှစ်ခုစလုံး ပိတ်လိုက်လို့ရှိရင်တော့ ကျေနပ်စရာ မကောင်းဘူး။ အဲဒါကို မြတ်စွာဘုရား

မူဂဗ္ဗတလို့ ခေါ်တယ်။ အဲဒီ မူဂဗ္ဗတ အကျင့်ကို ကျင့်တာ ဗုဒ္ဓသာသနာရဲ့ ပြင်ပမှာ အင်မတန် ခေတ်စားတယ်။ အဲဒီခေတ်က မူဂဗ္ဗတ အကျင့်လို့ ခေါ်တယ်။ အဲဒီ ရဟန်းတွေ မူဂဗ္ဗတ အကျင့်ကို သူတို့က ဆောက်တည်လိုက်ကြတယ်။ တစ်ဝါတွင်း လုံး တစ်ပါးနဲ့တစ်ပါး လုံးဝစကားမပြောဘူး။

မြတ်စွာဘုရားက ဒီအကြောင်းတွေကို သိတယ်။ ဝါကျွတ်လို့ မြတ်စွာဘုရားဆီ ရောက်လာ တဲ့အခါ ဘယ်လိုနေကြသလဲလို့ မေးတော့ သူတို့က ဝစီပိတ်ကျင့်ခဲ့ကြတာဖြစ်နေတယ်။ မြတ်စွာဘုရားက ကဲ့ရဲ့တယ်။ "မင်းတို့နေတာတွေက **သပတ္တသံဝါသ** ရန်သူတွေ ဆက်ဆံနည်း ဆက်ဆံတာကိုး။ ဟုတ် တယ်။ သပတ္တဆိုတာ ရန်သူ ကိုယ်နဲ့ မတည့်တဲ့လူ စကားမပြောဘူးလေ။ မခေါ်ဘူး။ နှုတ်သီးကြီး စူနေမယ်။ အဲဒါ သပတ္တသံဝါသလို့ ခေါ်တယ်။

နောက်ဆုံးမှာ စကားမပြောဘဲနဲ့ အတူ နေကြတာတွေက ဘယ်သူတွေတုန်းဆိုရင် ကျွဲနွားတွေလည်းပဲ တစ်ကောင်နဲ့တစ်ကောင် စကားမပြောဘူး။ ဒီလို နေကြတာတဲ့။ **ပသုသံဝါသ** ကျွဲနွား ဆက်ဆံရေးပဲတဲ့။ ဘုရားက နောက်တစ်ခါ သိုးတွေရဲ့ ဆက်ဆံရေးပဲတဲ့။ **ဧဠကသံဝါသ**။ သိုးတွေ ဆက်ဆံသလို ဆက်ဆံနေကြတယ်။ ရန်သူတွေ တစ်ဦးနဲ့တစ်ဦး ဆက်ဆံသလို ဆက်ဆံတာ။ တစ်ဦးနဲ့တစ်ဦး စကားမပြောဘဲနေတာဟာ ကောင်းတဲ့အလုပ် မဟုတ်ဘူး။ မြတ်စွာဘုရားက ဥပဒေ ပညတ်လိုက်တယ်။ ဒီလို မူဂဗ္ဗတလို့ခေါ်တဲ့ (ဆွံ့အ) စကားမပြောနိုင်တဲ့ အ,အရဲ့ အကျင့်မျိုးကို မကျင့်ရဘူးတဲ့။ ကျင့်လို့ရှိရင် ဒုက္ကဋ်အာပတ်သင့်စေလို့ ပညက်တယ်။ အခုလို သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုဖို့ဆိုပြီးတော့ ညွှန်ကြားတာ ဖြစ်တယ်။ ဒါက သာသနာ့ သမိုင်းမှာ အလွန်မှတ်သားစရာကောင်းတယ်။

အဲဒီမှာ မြတ်စွာဘုရားက ဝါကျွတ်လာပြီ ဆိုလို့ရှိရင် လိမ္မာယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေ တစ်ဦးနဲ့တစ်ဦး ပြောခွင့်ဆိုခွင့်ရှိရမယ်။ ပြောရေး ဆိုခွင့်ရှိရမယ်။ ပြောရေးဆိုခွင့် ရှိပြီးတော့လည်း အပြောခံရတဲ့ပုဂ္ဂိုလ်က လိုက်နာဖို့လိုတယ်။ ပြောတဲ့ ပုဂ္ဂိုလ်ကလည်း ကရုဏာနဲ့ပြောဖို့လိုတယ်။ မြတ်စွာဘုရားကိုယ်တိုင်က စကားမပြောရဘူးလို့ မ,ပညတ်ဘူး။

စကားပြောမယ်ဆိုရင် "ဘူတေန ဝက္ခာမိ နော အဘူတေန" ပြောမယ်ဆိုရင် မှန်တာပဲ ပြောမယ်။ မမှန်တာ မပြောရဘူး။ ဒီလို ခွဲခြားထားတာ။ ဒါကြောင့်မို့ ဝိဘဇ္ဇဝါဒ ခွဲခြားပြီးတော့ပြောတာ၊ အဆိုးနဲ့အကောင်း ပြောပြီဆိုရင် မှန်တာပြောရမယ်။ ဟုတ်တာကို ပြောရမယ်။ မဟုတ်တာကို မပြောရဘူး။ ဒါတစ်ခု။

ဟုတ်တာကို ပြောတိုင်း လျှောက်ပြောလို့ ရမလားလို့ဆို မရဘူး။ ပြောသင့်တဲ့ အချိန်ကျမှ ပြောရမယ်။ "ကာလေန ဝက္ခာမိ နော အကာလေန" အချိန်တန်မှ ပြောရမယ်။ ပြောသင့်တဲ့စကားတောင် အချိန်တန်မှ ပြောရမယ်။ ဒီလိုဆိုလိုတာပါ။

ဟုတ်ပြီ။ မှန်တာလည်း ဟုတ်တယ်။ ပြောသင့်တဲ့ အချိန်လည်းရောက်ပြီ။ ပြောတဲ့အခါ ပြောပုံပြောနည်းက ဘာလဲဆိုတော့ "သဏှေန ဝက္ခာမိ နော ဖရုသေန" ယဉ်ယဉ်ကျေးကျေးစွာ ပြောရတယ်။ ရိုင်းရိုင်းပျပျ မပြောရဘူး။ အကျိုးရှိတဲ့စကား ဖြစ်တောင်မှဘဲ ယဉ်ယဉ်ကျေးကျေး ပြောရမယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ ကိုယ်ပြောတဲ့ စကားသည် မှန်တယ်။ သို့သော် အကျိုးရှိဖို့ လိုအပ်သေးတယ်။ မှန်တော့မှန်တယ်။ အကျိုးမရှိတဲ့ စကားမျိုးကိုလည်း မပြောရဘူး။ အကျိုးရှိတဲ့စကား

ကိုသာ ပြောရမယ်။ ပြောတယ်ဆိုတဲ့အခါမှာ "မေတ္တစိတ္တော ဝက္ခာမိ နော ဒေါသန္တရေန" မေတ္တာစိတ်နဲ့ပဲ ပြောရမယ်။ ဒေါသနဲ့ မပြောရဘူး။ ဒါတွေက မြတ်စွာဘုရားကိုယ်တိုင်က အပြောနဲ့ပတ်သက်ပြီးတော့ ဆုံးမသွန်သင်ပေးထားတာ။ အဲဒါတွေ နှစ်ခုစလုံး ပယ်ပြီး မူဂဗ္ဗတ အကျင့်ကျင့်တာတော့ မကောင်းဘူးလို့ ဒီလိုဆိုလိုတာ။ ခုခေတ် အခေါ် ဝစီပိတ်။ ဒါမျိုး မလုပ်ရဘူးဆိုပြီး ပညတ်တယ်။

အဲဒီမှာ ဝါကျွတ်ပြီဆိုရင် မြတ်စွာဘုရားက တစ်ဦးနဲ့တစ်ဦး ဖိတ်ရမယ်။ ဒါကြောင့်မို့ သံဃာတွေက အကြီးနဲ့အငယ် အပြန်အလှန် ဖိတ်ခေါ်တဲ့ စကားလေးက "သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ" ဒီစကားနဲ့ပဲ ပြောတယ်။ "တပည့်တော်အပေါ်မှာ မသင့်လျော်တဲ့ အမူကိစ္စတွေ အရှင်ဘုရားကိုယ်တိုင် မြင်တာနဲ့ပဲ ဖြစ်စေ၊

သို့မဟုတ် သူများဆီက သတင်းကြားတာနဲ့ပဲ ဖြစ်စေ။ သို့မဟုတ် အရှင်ဘုရားစိတ်ထဲမှာ သံသယ ဖြစ်နေတာနဲ့ပဲဖြစ်စေ ပြောပါ။" ပြောဖို့ဖိတ်ခေါ်တယ်။ ပြောခွင့်ပေးပါတယ်။ ဒီလိုဆိုတာ။ ဒါအလွန်ယဉ်ကျေးတဲ့စိတ်ဓာတ်ရှိပြီး အလွန်ယဉ်ကျေးတဲ့ ဖိတ်ကြားချက်တစ်ခုပဲ။ "သံဃံ ဘန္တေ ပဝါရေမိ" သံဃာကို ဖိတ်ကြားပါတယ်။ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တုမံ အာယသ္မန္တော၊ အရှင်ဘုရားတို့ တပည့်တော်ကို ပြောပါ။ ပဿန္တော ပဋိကရိဿာမိ၊ အရှင်ဘုရားတို့တပည့်တော်ကိုပြောပါ။ ပဿန္တော ပဋိကရိဿာမိ အရှင်ဘုရားတို့ ထောက်ပြလို့ အပြစ်တွေ့ပြီဆိုရင် တပည့်တော်ပြင်ပါ့မယ်။ ဘယ်လောက်ကောင်းတဲ့ ယဉ်ကျေးမှုလဲ။ အဲဒီကောင်းမြတ်တဲ့ ယဉ်ကျေးမှုဟာလည်းပဲ ဟောဒီ သီတင်းကျွတ်လပြည့်နေ့မှာ လုပ်ဆောင်ကြရတာ ဖြစ်တယ်။ လူ့ယဉ်ကျေးတွေရဲ့

အသိုင်းအဝိုင်းတွေထဲက ဒါကို ပဝါရဏာယဉ်ကျေးမှု လို့ ခေါ်တယ်။

## အကျိုးကျေးဇူး

အခုလို အချင်းချင်း အပြန်အလှန် ဖိတ်တယ် လို့ဆိုတာ ဘယ်လိုအကျိုးတွေ ရှိလို့လဲ။ အလုပ်တစ်ခု လုပ်ပြီဆိုလို့ရှိရင် အကျိုးမရှိဘဲ လုပ်လို့ မရဘူး။ အကျိုးရှိရမယ်။ ဘယ်လိုအကျိုးရှိ တုန်းဆိုတော့ မြတ်စွာဘုရားက ရည်ရွယ်ချက်တွေနဲ့ အကျိုးရှိပုံကို ပြောတယ်။ အဲဒီလို အချင်းချင်း အပြန်အလှန် အတူ နေတဲ့ ပုဂ္ဂိုလ်ချင်းဟာ အခုလို ပွင့်လင်းစွာ တစ်ဦးနဲ့ တစ်ဦး တရင်းတနှီး အလေးအနက်ထား ပြောဆိုကြ ရတယ်။ ဒါဆိုရင်ဘာဖြစ်လဲ အညမညာနုလောမ- တာ တစ်ဦးနဲ့တစ်ဦးဟာ လိုက်လျောညီထွေ ကျင့် တတ်တယ်။ အမုန်းမရှိဘူး။ အင်မတန်မှ ခင်မင်ဖွယ်

ကောင်းတဲ့ အမူအရာတွေနဲ့ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတာလို မေတ္တာသက်ရောက်ပြီး အပြန်အလှန် ထိန်းကျောင်းခြင်းဖြင့် တိုးတက်လာနိုင်တယ်။ ဒါကြောင့်မို့ **အညမညာနုလောမတာ** အပြန်အလှန်လိုက်လျောညီထွေ ရှိစေတဲ့ စကားရပ်ပဲလို့။

နောက်တစ်ခုက "အာပတ္တိ ဝုဋ္ဌာနတာ"၊ အာပတ္တိဆိုတာ ရဟန်းတွေရဲ့ သန္တာန်မှာ အပြစ်သင့်ရောက်မှုကိုခေါ်တာ။ အဲဒီ အပြစ်သင့်ရောက်မှုတွေကလည်း ဝုဋ္ဌာန ထမြောက်နိုင်ပါတယ်။ အပြစ်ကလည်း လွတ်သွားနိုင်တယ်လို့ ဒီလိုဆိုလိုတာ၊ ကျူးလွန်ထားတဲ့ အပြစ်တစ်ခုကလည်း လွတ်မြောက်စေပြီးသား ဖြစ်တယ်။ အခုလို ပြောလိုက်ခြင်းအားဖြင့် ရင်ထဲ နှလုံးသားထဲမှာ ရှင်းပြီးတော့ တအုံနွေးနွေး ဖြစ်နေမယ့်အရာတွေ မဖြစ်တော့ဘူးလို့ ဒီလိုပြောတာ။

နောက်တစ်ခုကတော့ ဘာတုန်းဆို ဝိနယပု- ရက္ခာရတာ၊ ဝိနယပုရက္ခာတ ဆိုတာ ဘုရားရဲ့ အဆုံးအမ လိုက်နာရမယ့် ကိုယ်နှုတ်ယဉ်ကျေးမှု အတွက် သွန်သင်ပြသထားတဲ့ အဆုံးအမတရား တွေကို ရှေ့တန်းတင်ပြီးတော့ တလေးတစား လုပ်ရာလည်း ရောက်တယ်။ ဒီအကျိုးသုံးမျိုးပဲ အချင်းချင်း လိုက်လျောညီထွေရှိမှု၊ အပြစ်တွေက ထမြောက်မှု၊ ဦးတည်ပြီးတော့ ရှေ့တန်းတင်ပြီးတော့ အဓိကထားတယ် ဆိုတာမျိုးဖြစ်ဖို့ ဒီရည်ရွယ်ချက် သုံးခုနဲ့ ပဝါရဏာပြုဖို့ မြတ်စွာဘုရားက ခွင့်ပြုခဲ့တာ ဖြစ်တယ်။ ပဝါရဏာပြုတယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး အပြစ်ရှိရင် ပြောပါလို့ ဖိတ်ကြားခြင်းသာ ဖြစ်တယ်။ ဒါက ဒီကနေ့ခေတ်ထိအောင် အခုလိုယဉ်ကျေးတဲ့ လုပ်ငန်းတွေ ပြုလုပ်နေကြတာဟာလည်းပဲ ဒီ သီတင်းကျွတ်လပြည့်နေ့ပဲ။ ဒါကြောင့်မို့ မြတ်စွာ

ဘုရား သာသနာတော်မှာ သီတင်းကျွတ်နေ့နဲ့ ပတ်သက်ပြီးတော့ အမှတ်တရဖြစ်စရာ အကြောင်းတွေများစွာရှိတယ်လို့ ဒီလိုဆိုတာ။

အဘိဓမ္မာတရားကို အပြီးသတ်ဟောပြီးတဲ့နေ့ဟာလည်းပဲ ဒီနေ့ပဲဖြစ်တယ်။ အဘိဓမ္မာတရားဟောတဲ့အခါ လူ့ပြည်က အဘိဓမ္မာတရားလည်း အပြီးသတ်တယ်။ နတ်ပြည်က အဘိဓမ္မာတရားလည်း အပြီးသတ်တယ် ဆိုတာကလည်း ဒီကနေ့ပဲဖြစ်တယ်။ အဘိဓမ္မာတရားဟောပြီး လူ့ပြည်သို့ ပြန်လည် ကြွလာခဲ့တာလည်း ဒီကနေ့ပဲဖြစ်တယ်။ အဲဒီ ရှင်သာရိပုတ္တရာနဲ့ ဥပ္ပလဝဏ္ဏာထေရီမတို့က မြတ်စွာဘုရားကို ပထမဆုံး ရှိခိုးခွင့်ရကြတာလည်း ဒီကနေ့ပဲဖြစ်တယ်။ ရှင်သာရိပုတ္တရာရဲ့ ပညာရည်အချင်းကို မြတ်စွာဘုရားက ပရိသတ်အလယ်မှာ ထုတ်ဖော်ပြောခွင့်ရတာလည်း ဒီကနေ့ပဲ ဖြစ်တယ်။

ရဟန်းသံဃာအချင်းချင်း အပြန်အလှန် နားလည်မှုနဲ့ တစ်ဦးနဲ့တစ်ဦး အပြစ်ရှိရင် ဖိတ်ကြားပြီးတော့ ဒီစည်းရုံးညီညွတ်မှုကို ဖြစ်ပေါ်စေတာ သမဂ္ဂသံဝါသကို ဖြစ်ပေါ်စေတာလည်း ဒီကနေ့ပဲဖြစ်တယ်လို့။ ဒါကြောင့်မို့လို့ ဒါက ဗုဒ္ဓသာသနာတော်နဲ့ ပတ်သက်တဲ့ **သီတင်းကျွတ်လပြည့်နေ့ အမှတ်တရများပဲ** ဖြစ်တယ်။

ဒါဖြင့် ဒီကနေ့ခေတ် မြန်မာလူမျိုးတွေ ဘာတွေလုပ်နေကြလဲဆိုရင် သီတင်းကျွတ်လပြည့်နေ့မှာ မီးထွန်းကြတယ်။ မီးထွန်းတာ ရည်ရွယ်ချက် အမျိုးမျိုးရှိမယ် ထင်ပါတယ်။ ငယ်စဉ်ကတွေ့ဖူးတာတော့ နွားခြံကုန်းတွေမှာလည်း ထွန်းတာပဲ။ လှေကားတွေမှာလည်း ထွန်းတာပဲ။ ဟိုထွန်း ဒီထွန်း ထွန်းကြတာပဲ။ နတ်တွေကို ပူဇော်တယ်လို့ပဲ ထင်ပါတယ်။ နောက်ပိုင်းကျတော့ နတ်ပူဇော်မဲ့အစား

တာဝတိံသာနတ်ပြည်က မြတ်စွာဘုရား ကြွလာတာကို ကြိုဆိုပူဇော်တဲ့အနေနဲ့ ထွန်းကြတယ်။ ရည်ရွယ်ချက်ကတော့ ကောင်းသွားတယ်လို့ ပြောရမယ်။

တကယ်ကတော့ မီးထွန်းတယ်ဆိုတာ အိန္ဒိယနိုင်ငံမှာ ဟိန္ဒူလူမျိုးတွေရဲ့ ဒီပါဝလိပွဲဆိုတာ ရှိတယ်။ ဗမာတွေကတော့ တစ်ခါတစ်လေ "ဒေဝါလီ" လို့ ခေါ်နေကြတယ်။ တကယ်ကတော့ ဒီပါဝလိ၊ ဒီပဆိုတာ ဆီမီး၊ အာဝလီဆိုတာ အစဉ်အတန်း၊ အတန်းလိုက် မီးတွေထွန်းထားကြတာ။ ရည်ရွယ်ချက်ပေါ်မှာ မူတည်ပြီးတော့ အကောင်းအဆိုး ပြောရမှာ ဖြစ်တယ်။ အများအားဖြင့် မီးနတ်ကို ပူဇော်တဲ့အနေနဲ့ မီးထွန်းကြတာပေါ့။ ဂြိုဟ်ကိုးလုံး ပူဇော်တာကို နောက်ပိုင်းမှာ ဘုရားနဲ့ပြောင်းပြီး "ဘုရားကိုးဆူ"ဆိုတာ ဖြစ်သွားတာ။ အမှန်ကတော့ ဂြိုဟ်ကိုးလုံးကို ပူဇော်တာ။

အဲဒါမျိုးလို ဘာသာတရား ထွန်းကားလာတဲ့ အခါမှာ လူတွေရဲ့ ဦးတည်ချက်ဟာလည်း ရွေ့လျား သွားတယ်။ အကောင်းဘက်ရောက်လာရင်တော့ ကောင်းတယ်လို့ပဲ ပြောရမှာပေါ့။ ဒီကနေ့ခေတ် မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးတဲ့ လုပ်ရပ်တစ်ခုက တော့ ဘာတုန်းဆို သီတင်းကျွတ်ပြီဆိုတာနဲ့ ဘိုးဘွား မိဘတွေ ကန်တော့ကြတယ်။ ဆရာသမားတွေ ကန်တော့ကြတယ်။ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကို သွားရောက်ပြီးတော့ ဂါရဝပြုကြတယ်။ ကန်တော့ ခြင်းတွေ ကန်တော့ကြတယ်ဆိုတဲ့ ဒီယဉ်ကျေးမှုက တော့ အင်မတန်မှ ကောင်းတယ်လို့ပဲ ပြောရမှာဘဲ။ အချင်းချင်း စည်းလုံးညီညွတ်မှုအတွက် အထောက် အကူများစွာ ဖြစ်တယ်။ တခြားနိုင်ငံကလူတွေ ကြည့်လိုက်၊ ခရစ်စမက်နေ့မှာ ကဒ်ကလေးပို့လိုက် တာပဲရှိတယ်။ ဒီလိုသွားပြီးတော့ ဂါရဝပြုတာရှိမှာ

မဟုတ်ဘူးပေါ့။ အဝေးကနေပြီးတော့ ခရစ်စမတ်ကဒ်လေးနဲ့ နှုတ်ဆက်တာပေါ့။ နောင်တစ်ချိန်မြန်မာပြည်မှာလည်း ဒီလိုမဖြစ်ဘူးလို့ မပြောနိုင်ဘူး။ သို့သော် ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ကိုယ်တိုင်ထိန်းသိမ်းရမယ် ဆိုတာတော့ ရင်ထဲနှလုံးသားထဲမှာသိမ်းထားဖို့ လိုအပ်တယ်။ မြန်မာလူမျိုးတွေရဲ့ယဉ်ကျေးမှုဟာ ဗုဒ္ဓသာသနာရဲ့ လွှမ်းမိုးသက်ရောက်မှုရဲ့ အောက်မှာရှိလို့ **သာသနာ့ယဉ်ကျေးမှုနဲ့မြန်မာ့ယဉ်ကျေးမှုဟာ ခွဲလို့မရအောင် တွဲနေပြီ** လို့ ဒီလိုဆိုနိုင်တယ်။

မြန်မာနိုင်ငံကို ဗုဒ္ဓရဲ့စာပေတွေ ရောက်လာပြီးတော့ ထွန်းကားတိုးတက်လာတာဟာ ပုဂံခေတ်ကစခဲ့တာဖြစ်လို့ အင်မတန်မှ ထုထည်ကြီးမားတယ်။ သို့သော်လည်းပဲ ထုထည်ကြီးမားလို့ တို့ဆီမှာ အမြစ်တွယ်နေပြီ။ ဒါတွေဘယ်တော့မှ မပျောက်တော့ဘူး

လို့ မအောက်မေ့လေနဲ့။ ဒီအမြစ်ကို ဖျက်ဆီးမဲ့ ပိုးတွေက အများကြီးပဲ။ ဒီအမြစ်ကို ဖျက်ဆီးမဲ့ သတ္တဝါတွေက အများကြီး ရှိလာတယ်။ ဒါကြောင့် မို့လို့ ဒီကောင်းမြတ်တဲ့ အစဉ်အလာဆိုတဲ့ မိမိတို့ရဲ့ ဘာသာတရားနဲ့ ပတ်သက်ပြီး အမြစ်တွယ်နေတာကို ပိုပြီးတော့ သန်သန်မာမာ ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် သတိ ဝီရိယနဲ့ ကြိုးစား အားထုတ်ကြရမှာ ဖြစ်တယ်။

အဲဒီတော့ သီတင်းကျွတ်လပြည့်နေ့ရဲ့ မြန်မာ လူမျိုးတွေရဲ့ ယဉ်ကျေးမှုဟာ ဘိုးဘွား၊ မိဘ၊ ဆရာသမားတွေကို ကန်တော့ခြင်းပဲဖြစ်တယ်။ ဒါက မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုတစ်ခုပဲလို့ ဒီကနေ့ခေတ်စားနေတာကို ကြည့်ပြီးတော့ပြောတာ။

ဗျောက်ဖောက်တာကတော့ ကြောက်စရာ ကောင်းတယ်။ ဘယ်ကယဉ်ကျေးမှု ကူးစက်လာ သလဲတော့ မသိဘူး။ ဗျောက်နဲ့ဗုံးနဲ့ ရောသွားရင်

ခက်လိမ့်မယ်။ အဲဒါကြောင့်မို့ ဒီလိုအနှောက်အယှက်ဖြစ်တဲ့ အရာမျိုးကတော့ ရှောင်ကြဉ်တာဟာ အကောင်းဆုံးပဲပေါ့။ မလုပ်သင့်ဘူးဆိုတာ သိဖို့လိုအပ်တယ်။ အထူးသဖြင့် လူငယ်လူရွယ်တွေဟာလည်း အပျော်တစ်ခုတည်းကို မကြည့်ဘဲနဲ့ မိမိတို့ရဲ့ယဉ်ကျေးမှုတွေ မပျက်ပြားစေအောင် လိုက်နာကျင့်သုံးကြရမယ်ဆိုတာ အသက်အရွယ်ရတဲ့ ပုဂ္ဂိုလ်တွေက နားပါးချပြီးတော့ ဆုံးမပေးပြီး လူငယ်တွေကို သိမ်းသွင်းခေါ်ဆောင်ဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

လုပ်ပြီဆိုရင်ငါလုပ်တဲ့အလုပ်သည် ငါ့အတွက်အကျိုးရှိသလား သူများအတွက် အကျိုးရှိသလား နှစ်ဦးစလုံးအတွက် အကျိုးရှိရဲ့လား အကျိုးမရှိဘူးလားဆိုတာ ဒီစံချိန်နဲ့ပဲ တိုက်ဆိုင်ပြီးတော့ ကြည့်ရမှာဖြစ်တယ်။ ငါ့မှာ အကျိုးရှိတယ်ဆိုရင်

ပျော်ရတယ်။ ဒါငါ့အကျိုးပဲ။ သို့သော်အထိတ်အလန့် ဖြစ်သွားတယ်ဆိုရင် ဒါအကျိုး ပျက်ပြားတာခေါ်တာ ပေါ့။ အဲဒီလိုမဖြစ်စေရအောင် ယဉ်ကျေးမှုဆိုတာကို တကယ့်စစ်မှန်တဲ့ ယဉ်ကျေးမှု၊ စိတ်နှလုံးအေးချမ်းတဲ့ ယဉ်ကျေးမှုမျိုး။ မိမိတို့မြန်မာနိုင်ငံမှာ ရောက်ရှိလာတဲ့ အခြေအနေတွေကနေ မပျက်စီးအောင် ဝိုင်းဝန်း စောင့်ရှောက်ရမှာဖြစ်တယ်။

ဒါကြောင့်မို့ ယဉ်ကျေးမှုတွေ ဖြစ်ပေါ်လာခဲ့တဲ့ အင်မတန်ကောင်းတဲ့ ပဝါရဏာယဉ်ကျေးမှုနဲ့ မြန်မာ့ယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းသွားနိုင် မယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတယ်ဆိုတာကို ကိုယ်စီကိုယ်စီ သဘောကျပြီး **သီတင်းကျွတ် လပြည့်နေ့ အမှတ်တရများ** ကို မှတ်သားကာ မိမိတို့ဘဝကို တိုးတက်အောင် ကြိုးစားအားထုတ် နိုင်ကြပါစေ ကုန်သတည်း။

**သာဓု သာဓု သာဓု**

------------

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးသော စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချီရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကာရဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒိ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ဝိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ မွေ့တာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ